ပဏ္ဍိတကထာ
ပါရဂူ

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

ပဏ္ဍိတကထာ
ပါရဂူ

ယနေ့ ကမ္ဘာ့နိုင်ငံများ၌ ဗုဒ္ဓတရားတော် ထွန်းကားပြန့်ပွားအောင် ကြိုးပမ်းအားထုတ်ကြသော သာသနာပြုများ၏ ကျေးဇူးကိုလည်းကောင်း၊ မိမိတို့၏ အမိဘာသာစကားဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာစကားဖြင့် လည်းကောင်း၊ ဗုဒ္ဓတရားတော်ကို ဘာသာပြန်ဆိုခြင်း၊ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေးသားခြင်းများကို ပြုလုပ်ခဲ့ကြသော ကမ္ဘာ့ဗုဒ္ဓစာပေ ပညာရှင်များ၏ကျေးဇူးကိုလည်းကောင်း ထုတ်ဖော်ဂုဏ်ပြုသည့်အနေဖြင့် ထိုပုဂ္ဂိုလ်များ၏အကြောင်း အတ္ထုပ္ပတ်ကို ဤ **ပဏ္ဍိတကထာ**၌ ရေးသားတင်ပြထားသည်။

ပုဂ္ဂိုလ်ကျော် ၂၅ ဦး၏ အတ္ထုပ္ပတ္တိများ ပါဝင်သည်။

mgyoe.com

PYG0023
3,200.00 KS

mgyoe.com

ပဏ္ဍိတကထာ၊ ပါရဂူ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၂၄၇ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း။
၁၉၉၆ ရာပြည့်စာအုပ်တိုက်၏မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃၂၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

မာတိကာ

–	အမှာစကား	က
၁။	ပါဠိကျမ်းဂန်ကို ပထမဆုံး အင်္ဂလိပ်လို ပြန်သူ ဂျော့ တန်းနား [၁၇၉၉–၁၈၄၃]	၁
၂။	ပညာရှင် မက်မူလာ [၁၈၂၃–၁၉၀၀]	၁၂
၃။	အာရှ အလင်းရောင် ကဗျာဆရာ ဆာ အက်ဒွင်အာနိုး [၁၈၃၂–၁၉၀၄]	၂၀
၄။	ဗိုလ်မှူးကြီး အောလကော့ [၁၈၃၂–၁၉၀၇]	၂၇
၅။	ဘိဂန်ဒက်နှင့် အောလကော့ ဘိဂန်ဒက် [၁၈၁၃–၁၈၉၄]	၃၇
၆။	သီယိုဆိုဖီ ရာပြည့်	၄၃
၇။	ရောဘတ် ဂရင်း အင်ဂါဆောလ် [၁၈၃၃–၁၈၉၉]	၄၉
၈။	ခရီးသည် ဗုဒ္ဓစာပေ ပညာရှင် အိဗန် ပါဗလော့ဗစ် မိနာယေ့ဗ် [၁၈၄၀–၁၈၉၀]	၅၉
၉။	ပညာရှင် ဇနီးမောင်နှံ သောမတ် ဝိလျံ ရစ်ဒေးဗစ် [၁၈၄၃–၁၉၂၂] မစ္စက် စီ၊ အေ၊ အက်ဖ် ရစ်ဒေးဗစ် [၁၈၅၈–၁၉၄၂]	၆၇
၁၀။	ပေါလ်ကာရုနှင့် တော်လစ္စတွိုင်း ပေါလ်ကာရု [၁၈၅၂–၁၉၂၉]	၈၂

mgyoe.com

mgyoe.com

၁၁။ အနာဂါရိက ဓမ္မပါလ [၁၈၆၄–၁၉၃၃] ၉၀

၁၂။ ဂျာမန် ဗုဒ္ဓဘာသာ ခေါင်းဆောင်
ဒေါက်တာ ပေါလ် ဒါလ်ကေး [၁၈၆၅–၁၉၂၈] ၁၁၀

၁၃။ ဆိုဗီယက်ဗုဒ္ဓစာပေ ပညာရှင်
ရှဲရဗတ်စကီး [၁၈၆၆–၁၉၄၂] ၁၁၉

၁၄။ နှင်းတိုင်းပြည်နှင့် ပြင်သစ်အမျိုးသမီး
အလက်ဇန္ဒရား ဒေးဗစ်နီးလ် [၁၈၆၆–၁၉၆၉] ၁၂၉

၁၅။ ဂျပန် ဗုဒ္ဓစာပေ ပညာရှင်
စူဇူကီး [၁၈၇၀–၁၉၆၆] ၁၃၈

၁၆။ ဦးရွှေဇံအောင် [၁၈၇၁–၁၉၃၂] ၁၄၇

၁၇။ အာနန္ဒာ မေတ္တေယျ [၁၈၇၂–၁၉၃၂] ၁၅၄

၁၈။ ဆေးထိုးအပ်နှင့် စိပ်ပုတီး
ဒေါက်တာ အီး၊ အာရ်၊ ရော့စ် [၁၈၇၂–၁၉၃၀] ၁၅၇

၁၉။ စုတ်တံနှင့် စိပ်ပုတီး
နိကိုလပ် ရိုရစ် [၁၈၇၄–   ] ၁၆၉

၂၀။ ဇောတနန္ဒ မဟာထေရ် [၁၈၇၄–၁၉၄၂] ၁၈၁

၂၁။ ဂျာမန် ရဟန်းတော်
ဘိက္ခု ဉာဏ တိလောက [၁၈၇၈–၁၉၅၇] ၁၉၈

၂၂။ ကဗျာနှင့်ဒဿန
ဂျစ်ဒူ ကရိရှန မူရတိ [၁၈၉၇–၁၉၈၆] ၂၀၇

၂၃။ ဉာဏ ပုဏ္ဏိက [၁၉၀၁–၁၉၉၄] ၂၁၅

၂၄။ ဓမ္မပါလ၏ လက်ရုံး
ဒေဝ ပရိယ ဗလိဆိန်ဟ [၁၉၀၄–၁၉၆၈] ၂၃၁

၂၅။ ဝိသုဒ္ဓိမဂ် ဘာသာပြန်ဆရာ
ဉာဏ မောလိ [၁၉၀၅–၁၉၆၀] ၂၄၅

◆

mgyoe.com

mgyoe.com

အမှာစကား

အမှန်တရားကို လိုလားသော လူတို့သည် အမှန်တရားကို စူးစမ်းရှာဖွေကြသည်။ ငြိမ်းချမ်းမှုကို လိုလားသော လူတို့သည် ငြိမ်းချမ်းမှုကို စူးစမ်းရှာဖွေကြသည်။ ဒုက္ခကြုံတွေ့နေရသော လူတို့သည် ဒုက္ခကင်းဝေးပပျောက်စေသည့် နည်းလမ်းကို စူးစမ်းရှာဖွေကြသည်။ အမှန်တရားကို စူးစမ်းရှာဖွေကြသော လူတို့သည် အမှန်တရားကို တွေ့သွားကြသည်။ ထိုအမှန်တရားကား ဗုဒ္ဓတရားဖြစ်သည်။ ငြိမ်းချမ်းမှုကို စူးစမ်းရှာဖွေကြသော လူတို့သည် ငြိမ်းချမ်းမှုကို တွေ့သွားကြသည်။ ထိုငြိမ်းချမ်းမှုကား ဗုဒ္ဓတရားဖြစ်သည်။ ဒုက္ခ ကင်းဝေးပပျောက်စေသည့် နည်းလမ်းကို စူးစမ်းရှာဖွေကြသော လူတို့သည် ဒုက္ခ ကင်းဝေးပပျောက်စေသည့် နည်းလမ်းကို တွေ့သွားကြသည်။ ထိုနည်းလမ်းကား ဗုဒ္ဓတရားဖြစ်သည်။

ရာစုနှစ်ပေါင်းများစွာအလွန်က ဗုဒ္ဓတရားသည် ပင်ရင်းအိန္ဒိယနိုင်ငံမှ အာရှတိုက်နိုင်ငံများသို့ ပြန့်ပွားလာခဲ့သည်။ ပင်လယ်ထဲ ရေနစ်နေသူသည် မိမိအား ကယ်ဆယ်မည့် လှေသင်္ဘောကို တွေ့ရသောအခါ အားကိုးတကြီးနှင့် လက်ကမ်းသည်။ ဒုက္ခပင်လယ်ထဲတွင် မြုပ်ချည်ပေါ်ချည် ဖြစ်နေကြသော ဒုက္ခဘုံသားများသည် မိမိတို့အား ဒုက္ခကင်းဝေးအောင်လုပ်မည့် ဗုဒ္ဓတရားကို တွေ့မြင်သိရှိရသောအခါ လက်ကမ်းကြိုဆိုကြသည်။

ယင်းသို့အားဖြင့် အာရှတိုက် တချို့နိုင်ငံများသည် ခေတ်အဆက်ဆက်က စစ်ဗုဒ္ဓဘာသာနိုင်ငံများဖြစ်လာကြသည်။ အာရှတိုက် နိုင်ငံများ

mgyoe.com

mgyoe.com

တွင် ဗုဒ္ဓတရားထွန်းကားပြန့်ပွားအောင် စတင်ပြုလုပ်ဆောင်ရွက်သူများမှာ အသောကမင်းတရားကြီးနှင့် အသောကမင်းတရားကြီး၏ သာသနာပြု ရဟန်းတော်များဖြစ်ကြသည်။ ယင်း သာသနာပြုများ၏ ကျေးဇူးကို ကျွန်တော်၏ ပိယဒဿီ စာအုပ်တွင် ထုတ်ဖော်ဂုဏ်ပြုထားသည်။

အသောကမင်းတရားကြီးနှင့် အသောကမင်းတရားကြီး၏ သာသနာပြုရဟန်းတော်များ အာရှတိုင်းပြည်များတွင် မျိုးစေ့ချခဲ့သော ဗုဒ္ဓသာသနာတော်မျိုးစေ့ကို ကြီးထွားစည်ပင်လာအောင် ဆောင်ရွက်ကြသူများမှာ နောက်ပိုင်းသာသနာပြုရဟန်းတော်များဖြစ်သည်။ ယင်းသာသနာပြုရဟန်းတော်များထဲက အချို့၏ ဂုဏ်ကျေးဇူးကိုလည်း ကျွန်တော်၏ မဟာခရီးသည် စာအုပ်တွင် ရေးသားဖော်ပြထားသည်။

၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစုအစောပိုင်း ရောက်လာသောအခါ အာရှနိုင်ငံများ၌ ထွန်းကားပြန့်ပွားနေသော ဗုဒ္ဓသာသနာသည် အနောက်နိုင်ငံများသို့ ခြေဆန့်သွားသည်။ ရုပ်ပိုင်းဆိုင်ရာ ဝတ္ထုများသာလျှင် ကြီးစိုး လွှမ်းမိုးနေသည်ဖြစ်သောကြောင့်လည်းကောင်း၊ ကမ္ဘာစစ်ကြီးနှစ်ကြိမ်တိုင်တိုင် ဖြစ်ပွားပြီးပြီဖြစ်သော်လည်း စစ်ဘီလူး၏ခြိမ်းခြောက်မှု ပျက်ပြယ်မသွားသောကြောင့်လည်းကောင်း၊ ငြိမ်းချမ်းမှုကို လိုလားတောင့်တနေကြသော အနောက်နိုင်ငံများသည် ငြိမ်းချမ်းမှုပေးသည့် ဗုဒ္ဓသာသနာရောင်ဝါ ပြိုးပြိုးပြက်ပြက် ဝင်းလက်တောက်ပလာသည်ကို တွေ့ရသောအခါ ဝမ်းသာအားရ လက်ခံကြိုဆိုကြသည်။

အနောက်နိုင်ငံကို ဗုဒ္ဓတရားတော်နှင့် မိတ်ဆက်ပေးကြသူများမှာ အာရှတိုက်နိုင်ငံများမှ သာသနာပြုရဟန်းတော်များ၊ ဗုဒ္ဓစာပေပညာရှင်များနှင့် အနောက်နိုင်ငံမှ ဗုဒ္ဓစာပေပညာရှင်များဖြစ်ကြသည်။ အရှေ့တိုင်းမှ သာသနာပြုများသည် အနောက်နိုင်ငံ၌ ပရိယတ္တိ၊ ပဋိပတ္တိသာသနာ ထွန်းကားပြန့်ပွားအောင် ကြိုးပမ်းအားထုတ်ကြသည်။ အရှေ့တိုင်းမှ ဗုဒ္ဓစာပေပညာရှင်များသည်လည်းကောင်း၊ အနောက်တိုင်းမှ ပါဠိဘာသာ သင်ကြားတတ်မြောက်ပြီး ဗုဒ္ဓတရားတော်ကို သိမြင်ကျွမ်းကျင်မှု ရှိသွားကြသော ဗုဒ္ဓစာပေပညာရှင်များသည်လည်းကောင်း အဓိကအားဖြင့် အင်္ဂလိပ်

mgyoe.com

mgyoe.com

ဘာသာစကားဖြင့် ဗုဒ္ဓတရားတော်ကို ရေးသားကြပြီးလျှင် အနောက်နိုင်ငံများနှင့်တကွ ကမ္ဘာတွင် ဗုဒ္ဓတရားတော် ပြန့်ပွားထွန်းကားလာအောင် ကြိုးပမ်းအားထုတ်ကြသည်။ ဗုဒ္ဓတရားတော်ကို ကမ္ဘာသုံးဖြစ်သော အင်္ဂလိပ်ဘာသာစကားဖြင့် ဘာသာပြန်ဆိုခြင်း၊ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေးသားခြင်းများကို ပြုလုပ်လျက် ထုတ်ဝေဖြန့်ချိသောအခါ ကမ္ဘာ့နိုင်ငံသူ နိုင်ငံသားများသည် ဗုဒ္ဓတရားတော်နှင့် ရင်းနှီးမှုရှိသွားကြသည်။

ယနေ့ ကမ္ဘာ့နိုင်ငံများ၌ ဗုဒ္ဓတရားတော် ထွန်းကားပြန့်ပွားအောင် ကြိုးပမ်းအားထုတ်ကြသော သာသနာပြုများ၏ ကျေးဇူးကိုလည်းကောင်း၊ မိမိတို့၏ အမိဘာသာစကားဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာစကားဖြင့်လည်းကောင်း၊ ဗုဒ္ဓတရားတော်ကို ဘာသာပြန်ဆိုခြင်း၊ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေးသားခြင်းများကို ပြုလုပ်ခဲ့ကြသော ကမ္ဘာ့ဗုဒ္ဓစာပေ ပညာရှင်များ၏ ကျေးဇူးကိုလည်းကောင်း ထုတ်ဖော်ဂုဏ်ပြုသည့်အနေဖြင့် ထိုပုဂ္ဂိုလ်များ၏အကြောင်း အတ္ထုပ္ပတ္တိကို ဤ ပဏ္ဏာတကထာ၌ ရေးသားတင်ပြထားသည်။

ပါရဂူ
၁၉၊ ၇၊ ၉၆။

◆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ပါဠိကျမ်းဂန်ကို ပထမဆုံး အင်္ဂလိပ်လိုပြန်သူ ဂျော့ တန်းနား [၁၇၉၉-၁၈၄၃]

ယခုခေတ်တွင် အနောက်နိုင်ငံ၌ ဗုဒ္ဓဘာသာလည်း အထိုက်အလျောက် ထွန်းကားပြန့်ပွားနေပြီ။ ဗုဒ္ဓဟောကြားတော်မူသည့် တရားဒေသနာတော်ကို ဖွင့်ဆိုရေးသားထားသည့် ပါဠိကျမ်းဂန်များလည်း ပညာရှင် သုတေသီများ အလေးထား လေ့လာသင်ကြား ဆည်းပူးသည့် ကျမ်းဂန်များဖြစ်နေပြီ။ ပါဠိကျမ်းစာများကို ပုံနှိပ်ထုတ်ဝေခြင်း၊ အင်္ဂလိပ်ဘာသာ ပြန်ဆိုခြင်းများကို ပြုလုပ်သည့် အင်္ဂလန် ပါဠိကျမ်းစာအသင်း တည်ထောင်ဖွဲ့စည်းခဲ့သည်မှာပင် နှစ်တစ်ရာကျော် ရှိသွားပြီ။ သို့သော်လည်း ထိုခေတ် ထိုအချိန် မတိုင်ခင်ကမူ ပါဠိကျမ်းဂန်များနှင့် ပါဠိဘာသာသည် အနောက်နိုင်ငံ၌ မျက်နှာပန်းမလှပေ။ မည်သူကမှ အထင်ကြီးရကောင်းစေဟု မအောက်မေ့ပေ။

ထိုအချိန်၌ ပါဠိဘာသာကို အလေးအမြတ်ထားလျက် လေ့လာလိုက်စားသူတစ်ဦး ပေါ်လာသည်။ ထိုသူကား ဂျော့တန်းနား[၁] ခေါ် အင်္ဂလိပ်လူမျိုးတစ်ဦးဖြစ်သည်။ အနောက်နိုင်ငံ၌ ထွန်းကားပြန့်ပွားသော အရှေ့တိုင်းစာပေနှင့် အရှေ့တိုင်းနိုင်ငံသမိုင်းဆိုင်ရာအကြောင်းကို ရေးလျှင် ဂျော့တန်းနားကို ရှေ့တန်းကမဖော်ပြဘဲဖြစ်မည်မဟုတ်ပေ။ ဂျော့တန်းနားသည်

၁။ George Turnour

mgyoe.com

mgyoe.com

ထိုအချိန်က အနောက်နိုင်ငံ၌ အထင်ကြီးခြင်းမခံရသော အရှေ့တိုင်း စာပေကို အနှောင့်အယှက် အခက်အခဲအမျိုးမျိုးကြားထဲက မလျှော့သော ဇွဲလုံ့လဖြင့် အထင်သေးခြင်း၊ မတူမတန်သဘောထားခြင်းတို့ကို တော်လှန်ဆန့်ကျင်လျက် လေ့လာလိုက်စားသော ဗြိတိသျှလူမျိုးများထဲတွင် ထူးခြားသော ရှေ့သွားခေါင်းဆောင်တစ်ဦးဖြစ်သည်။

ပါဠိဘာသာ သင်ကြားလေ့လာမှုဖြင့် အစပြုခဲ့သော ဂျော့တန်းနား၏ အရှေ့တိုင်းစာပေနှင့် သမိုင်းဆိုင်ရာ လေ့လာချက်များသည် ထိုဘာသာရပ်များနှင့်ပတ်သက်သော အနောက်နိုင်ငံ၏လေ့လာချက်ကိုမျှသာမက အရှေ့တိုင်းနိုင်ငံများ၏ လေ့လာချက်များကိုပင် များစွာအကျိုးပြုခဲ့သည်။

အားလုံးသိထားပြီး ဖြစ်သည့်အတိုင်း ပါဠိဘာသာစကားသည် သက္ကတဘာသာစကားနှင့်ဆင်သော ရှေးဟောင်းဘာသာစကားတစ်ခု ဖြစ်သည်။ ထေရဝါဒ ဗုဒ္ဓဘာသာ ဓမ္မကျမ်းဂန်များကို ရေးသားမှတ်တမ်းတင်ထားသည့် ဘာသာစကားဖြစ်သည်။ ခရစ်မပေါ်မီ နှစ်ပေါင်းသုံးရာခန့် ဗုဒ္ဓဘာသာဘုရင် ဧကရာဇ် သီရိဓမ္မာသောကမင်းကြီးလက်ထက်၌ ဗုဒ္ဓဘာသာ ဓမ္မကျမ်းဂန်များဖြစ်သော ပိဋကတ်ကျမ်းဂန်များကို လင်္ကာဒီပ သီဟိုဠ်ကျွန်း (သီရိလင်္ကာ) သို့ ဆောင်ကြဉ်းသွားခဲ့သည်။ ထိုခေတ် ထိုအချိန်မှအစပြုလျက် သီဟိုဠ်ကျွန်းအနှံ့အပြား၌ရှိသော သံဃာရာမခေါ် ဘုန်းကြီးကျောင်းတိုက်များ၌ ပါဠိဘာသာ သင်ကြားလေ့လာမှုသည် ထွန်းကားပြန့်ပွားလာခဲ့သည်။ ထိုအချိန်၌ ပါဠိဘာသာသည် ဥရောပတိုက် အလယ်ခေတ်လောက်က လက်တင်ဘာသာကဲ့သို့ပင် ပညာရှင်များ လက်သုံးပြုသည့် ဘာသာစကားဖြစ်လာသည်။ ထိုအချိန်က သီဟိုဠ်ကျွန်းတွင် ပိဋကတ်အဖွင့် အဋ္ဌကထာ၊ ဋီကာကျမ်းများ အများအပြား ပေါ်ပေါက်လာသောအခါ ပါဠိဘာသာ လေ့လာသင်ကြားမှု အရှိန်အဟုန်သည် ဆတက်ထမ်းပိုး တိုးတက် မြင့်မားလာသည်။

ယင်းသို့အားဖြင့် ပါဠိဘာသာ လေ့လာသင်ကြားမှု အရှိန်အဟုန် တိုးတက်မြင့်မားလာပြီး ပါဠိဘာသာသည် ပညာရှင်များအသုံးပြုများသော ဘာသာစကားဖြစ်လာသောအခါ ဘာသာရေးသမိုင်းနှင့် အုပ်ချုပ်သူ ဘုရင်

mgyoe.com

mgyoe.com

ကောရာဇ်မင်းဆက် ရာဇဝင်သမိုင်းများကိုပင် ပါဠိဘာသာဖြင့် ရေးသားပြုစုလာကြသည်။ ထိုခေတ်က ပါဠိဘာသာဖြင့် ရေးသားပြုစုသည့် ရာဇဝင်သမိုင်းကျမ်းစာများထဲတွင် ဒီပဝံသနှင့် မဟာဝံသတို့သည် ထင်ရှားသောကျမ်းစာများဖြစ်ကြသည်။ ယင်းကျမ်းစာများသည် ပြေပြစ်ချောမောသော ပါဠိဘာသာ ဂါထာအဖွဲ့ဖြင့် ရေးသားထားသည့် တန်းမြင့်ပါဠိဘာသာ မဟာကဗျာကျမ်းကြီးများ ဖြစ်သည်။ ထိုမဟာကဗျာကျမ်းများအပြင် အကြောင်းအရာအမျိုးမျိုးနှင့် ပတ်သက်၍ ရေးသားပြုစုထားသော အခြားပါဠိဘာသာ ကဗျာအဖွဲ့ကျမ်းများလည်း ပေါ်ပေါက်လာခဲ့သည်။ ယင်းအချက်ကို ထောက်ထားလျှင် လင်္ကာဒီပသီဟိုဠ်ကျွန်း၌ ပါဠိဘာသာကို မသင်ကြား မလေ့လာဘဲနှင့် ဗုဒ္ဓဘာသာနှင့် အမျိုးသားယဉ်ကျေးမှုကို နှိုက်နှိုက်ချွတ်ချွတ် သိမြင်သဘောပေါက်ဖို့ မလွယ်ကူသော အချက်မှာ သိသာထင်ရှားနေပေသည်။

ပါဠိဘာသာ လေ့လာသင်ကြားမှုနှင့်ပတ်သက်၍ ဂျော့တန်းနား၏ ကြိုးပမ်းအားထုတ်ချက်ကို အကဲဖြတ်နိုင်ရန်အတွက် ၁၉ ရာစုနှစ်အစလောက်က သီဟိုဠ်ကျွန်း ပါဠိဘာသာ လေ့လာသင်ကြားမှု အခြေအနေကို တစေ့တစောင်း လေ့လာအကဲခတ်ကြည့်ဖို့ လိုပေလိမ့်မည်။ နှစ်ပေါင်းသုံးရာနီးပါးမျှ ပေါ်တူဂီနှင့် ဒတ်ချ်တို့၏ တစ်လှည့်စီ စိုးမိုးအုပ်ချုပ်ခြင်းကို ခံရပြီးနောက် သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံသည် ၁၇၉၆ ခုနှစ်တွင် ဗြိတိသျှတို့၏ လက်အောက်ခံဘဝ ရောက်ခဲ့သည်။ ၁၈၁၅ ခုနှစ်တွင် နောက်ဆုံး သီဟိုဠ်ဘုရင် နန်းချခံရပြီး သီဟိုဠ်တစ်နိုင်ငံလုံးကို ဗြိတိသျှအစိုးရက အုပ်ချုပ်သည်။ မြန်မာတစ်နိုင်ငံလုံးကို ဗြိတိသျှအစိုးရ မသိမ်းပိုက်ခင် နှစ်ပေါင်း ၇၀ လောက်က ဖြစ်သည်။ ထိုအချိန်ကာလမှစ၍ သီဟိုဠ်နိုင်ငံ အမျိုးသားယဉ်ကျေးမှုသည် တစ်စတစ်စ မှေးမှိန်အားပျော့လာခဲ့သည်။

တစ်နိုင်ငံက တစ်နိုင်ငံကို အုပ်ချုပ်လျှင် အအုပ်ချုပ်ခံရသည့်နိုင်ငံသည် တော်တော်နှင့် လက်နက်ချအညံ့မခံပေ။ အလံမလှဲချင်သည့် အင်အားစုသည် ရှိသမျှအင်အားနှင့် ပြန်လည်ခုခံနေတတ်သည်။ မြန်မာနိုင်ငံကို နိုင်ငံခြားသားများ စတင်အုပ်စိုးစဉ်က နိုင်ငံခြားအစိုးရသည် တွန်းလှန်တိုက်ခိုက်သော မြန်မာမျိုးချစ်တို့၏ ရန်ကို တော်တော်နှင့်ရှင်းလင်းမပစ်နိုင်ကြပေ။ ထို့ပြင်

mgyoe.com

အတူပင် သီဟိုဠ်နိုင်ငံတွင်လည်း ခေါင်းငုံ့မခံလိုသည့် ပြည်သူတို့က လက်နက်စွဲကိုင်၍ နိုင်ငံခြားသားအစိုးရကို ခုခံတိုက်ခိုက်ကြသည်။ ထိုအခါ၌ အနုပညာနှင့်အတတ်ပညာ ဖွံ့ဖြိုးရေးကို ဘေးဖယ် ထားရသည်။ ရန်သူကို တွန်းလှန်တိုက်ခိုက်ရင်း အောင်မြင်မှုမရရှိသောအခါ လုံခြုံစိတ်ချရသည့် တောင်ခြေဒေသသို့ ဆုတ်ခွာတိမ်းရှောင်သွားကြရသည်။ ထိုအခြေအနေ၌ ပညာသင်ကြားရေးကို လုံးဝလျစ်လျူရှုထားကြရသည်။ ဘာသာရေးနှင့် ပညာရေး ဆုတ်ယုတ်မှေးမှိန်လာသည်။

အရေအတွက် နည်းပါးလှသော ယဉ်ကျေးမှုနှင့် ပညာပိုင်းဆိုင်ရာ ခေါင်းဆောင်ပုဂ္ဂိုလ်အချို့ကသာလျှင် လုံးဝငြိမ်းမသွားသေးသည့်အတိတ်၏ စာပေပညာ မီးပွားကလေးကို မီးလျှံမီးတောက် တောက်လာလိုလားငြား ယပ်ခပ်ပေးကြသည်။ ပါဠိစာပေကျမ်းဂန် တတ်ကျွမ်းသော ဗုဒ္ဓဘာသာ ရဟန်းတော်များရှိကြသည်မှာ မှန်သည်။ သို့သော်လည်း ရဟန်းတော်များသည် နိုင်ငံခြားဘာသာ စကားတစ်ခုခုကို တတ်ကျွမ်းမှုမရှိကြ၍ ပြင်ပကမ္ဘာနှင့် ဆက်သွယ်မှုပြုလုပ်ရန် အခြေအနေမပေး ဖြစ်နေကြသည်။

ထိုအချိန်၌ သီဟိုဠ်ကျွန်းတွင် ဗြိတိသျှအုပ်ချုပ်ရေး အစပြုလာသည်။ သီဟိုဠ်ကျွန်းသို့ အုပ်ချုပ်ရေးတာဝန်ဖြင့် ရောက်လာကြသော ဗြိတိသျှတို့သည် မိမိတို့က အပေါ်စီးကရနေသဖြင့် ဒေသခံ၏ ဘာသာစာပေနှင့် ယဉ်ကျေးမှုကို အထင်မကြီးကြပေ။ သီဟိုဠ်ကျွန်း၌ အစဉ်အလာ ထွန်းကားလာခဲ့သော စာပေသည် ဒဏ္ဍာရီများ၊ ယုံတမ်းပုံပြင်များ၊ အတိတ်ကို အမွှမ်းတင်နေခြင်းများဖြစ်သောကြောင့် ဂရုတစိုက် လေ့လာလိုက်စား နေစရာမလိုဟူ၍ အထင်ရှိနေကြသည်။

ယင်း ထင်မြင်ယူဆချက်များကြောင့် မည်သည့် ဥရောပတိုက်သားမှ သီဟိုဠ်ကျွန်း၌ အစဉ်အလာရှိလာခဲ့သော စာပေကို လေ့လာရကောင်းစေဟု မအောက်မေ့ခဲ့ပေ။ လေ့လာလိုက်စားသူ ပေါ်ပေါက်လာလျှင်လည်း အများ၏ လက်ညှိုးငေါက်ငေါက်ထိုးခြင်းကို ခံရမည်မှာ မလွဲမသွေဖြစ်သည်။ ယင်းအခက်အခဲနှင့်အနှောင့်အယှက် အဟန့်အတားများကြားထဲက ထူးထူးခြားခြားရုန်းထွက်လာသူမှာ ဂျော့တန်းနားဖြစ်သည်။

mgyoe.com

mgyoe.com

သီဟိုဠ်ကျွန်း အစောပိုင်း ဗြိတိသျှနိုင်ငံဝန်ထမ်းတစ်ဦးဖြစ်သော ဂျော့တန်းနားသည် သူ့ပတ်ဝန်းကျင်၌ အနှောင့်အယှက် အခက်အခဲများ မည်မျှပင် ရှိနေသော်လည်း တွန့်ဆုတ်ခြင်း အလျဉ်းမရှိဘဲ ပါဠိစာပေနှင့် လင်္ကာဒီပ သီဟိုဠ်ကျွန်း ရှေးဟောင်းသမိုင်းကို လေ့လာလိုက်စားမှု ပြုလုပ်ခဲ့သည်။ ယင်းသို့ လေ့လာလိုက်စားရာ၌ ရင်ဆိုင်ရသော အခက်အခဲများမှာ တောင်ပုံရာပုံ ကြီးကျယ်များပြားလှသည်။ သို့သော်လည်း ထိုအခက်အခဲများသည် သူ၏ ဖွဲ့နှင့်လုံ့လကို ဟန့်တားပိတ်ပင်ထားခြင်းငှာ မစွမ်းနိုင်ပေ။ သူ၏ ကြိုးပမ်းအားထုတ်မှုသည် မျှော်လင့်ထားသည်ထက်ပင် အောင်မြင်မှု ရရှိခဲ့သည်။

၁၈၅၉ ခုနှစ်တွင် ထုတ်ဝေသော သူ၏ **လင်္ကာဒီပ သီဟိုဠ်ကျွန်း အကြောင်း** စာအုပ်၌ ဆာအင်မာဆင် ဖြည့်စွက်တင်ပြထားသော ဂျော့တန်းနားအကြောင်းကို ဖတ်ကြည့်လျှင် ဂျော့တန်းနား၏ဘဝဖြစ်စဉ် အကြောင်းနှင့် စောစောပိုင်းက ဂျော့တန်းနား ဘယ်လိုအခက်အခဲမျိုး ရင်ဆိုင်ခဲ့ရသည်ဆိုသည်ကို သိရှိနားလည်နိုင်ပေသည်။ ထိုစာ၌ပါသော အချက်အလက် အချို့မှာ ဤသို့တည်း ...။

"ဂျော့တန်းနားသည် ပထမအာလ်အော့ဖ်ဝင်ဘာတန်၏ သားဖြစ်သူ ဂုဏ်သရေရှိ ဂျော့တန်းနား၏အကြီးဆုံးသားဖြစ်သည်။ မိခင်ဖြစ်သူ အီမိုင်လီသည် ကာဒင်နယ် ဒုဒီဘိုစုအက်၏ တူမဖြစ်သည်။ ၁၇၉၉ ခုနှစ်တွင် သီဟိုဠ်၌ မွေးဖွားပြီး အင်္ဂလန်၌ ထိုအချိန်က သီဟိုဠ်ကျွန်းဘုရင်ခံ ဆာသော မတ်မေတ်လင်း၏ အုပ်ထိန်းမှုအောက်တွင် ပညာသင်ကြားသည်။ ၁၈၁၈ ခုနှစ်တွင် နိုင်ငံဝန်ထမ်းဖြစ်လာသည်။ နိုင်ငံဝန်ထမ်း အမြင့်ဆုံးရာထူးအထိ တိုးမြှင့်ခန့်ထားခြင်းခံရသည်။

"နိုင်ငံဝန်ထမ်းအဖြစ်နှင့် တာဝန်ဝတ္တရားကို အပြည့်အဝထမ်းရွက်သည့်အပြင် တိုင်းရင်းသား သီဟိုဠ်ဘာသာစကားနှင့် ပါဠိဘာသာစကားကိုလည်း ကျွမ်းကျင်တတ်မြောက်အောက် သင်ကြားလေ့လာသည်။ ပါဠိဘာသာမှာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများသာလျှင် တတ်ကျွမ်းသည့် ဘာသာစကားဖြစ်ပြီး ဘုန်းတော်ကြီးများထဲတွင်ပင် မတတ်သူ အများအပြား

mgyoe.com

mgyoe.com

ရှိသည်။ ထိုအချိန်က ပါဠိဝေါဟာရ စကားလုံး၏အနက်ကို ဖော်ပြရန်အတွက် အဘိဓာန်စာအုပ်များလည်း မရှိပေ။ ပါဠိစကားလုံးကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပေးနိုင်သည့် ဆရာသမားလည်း မရှိပေ။ ထို့ကြောင့် မစ္စတာ တန်းနားသည် ပါဠိကို အင်္ဂလိပ်ဘာသာ ပြန်ဆိုရန်အတွက် သူတတ်ကျွမ်းထားသည့် ဘာသာစကားကိုသာလျှင် ကြားဘာသာစကားအဖြစ် လုံးလုံးမှီခိုအားထားရသည်။

"သာမန်ပုဂ္ဂိုလ်တစ်ဦးအနေမျိုးသာဆိုလျှင် ထိုကဲ့သို့သော အခက်အခဲမျိုးကို ကျော်လွှားသွားနိုင်ဖို့ရာ မလွယ်ကူပေ။ သူ့ပတ်ဝန်းကျင်၌ ရှိနေသူများကလည်း အားပေးအားမြှောက် မပြုလုပ်ကြချေ။ ထိုလူများ၏ ဩဘာလက်ခုပ်သည် သူအောင်မြင်မှုရရှိသည့်အချိန်ကာလအထိ စောင့်ဆိုင်းနေသည်"။

သူ့ခေတ်သူ့အခါက တန်းနား၏အရေ့တိုင်းစာပေလေ့လာမှုသည် ပြိုင်ဘက်မရှိ အံ့ဩဖွယ်ကောင်းလှသည်။ ပါဠိဘာသာစကားကို သင်ကြား၍ တတ်မြောက်လာသည်နှင့် တစ်ပြိုင်နက် တန်းနားသည် လင်္ကာဒီပ သီဟိုဠ်ကျွန်း၏သမိုင်းဖြစ်သော မဟာဝံသကို အင်္ဂလိပ်ဘာသာဖြင့် စတင်ပြန်ဆိုသည်။

ပါဠိဘာသာ၌ ဝံသစာပေ အစဉ်အလာသည် ရှင်မဟာ ဗုဒ္ဓဃောသခေတ် မတိုင်ခင်ကပင် အစပြုလာခဲ့သည်။ ယင်း အစဉ်အလာသည် ၁၉ ရာစု၊ ၂၀ ရာစုအထိပင် တိုင်ခဲ့သည်။ ပါဠိဘာသာ၌ရှိသော အဓိက ဝံသကျမ်းများမှာ –

၁။ ဒီပဝံသ

၂။ မဟာဝံသ

၃။ စူဠဝံသ

၄။ ဗုဒ္ဓဃောသုပ္ပတ္တိ

၅။ သဒ္ဓမ္မသင်္ဂဟ

၆။ မဟာဗောဓိဝံသ

၇။ ထူပဝံသ

mgyoe.com

mgyoe.com

၈။ အတ္တနဂလုဝိဟာရဝံသ

၉။ ဒါဌာဓာတုဝံသ

၁၀။ ဆကေသဓာတုဝံသ

၁၁။ ဂန္ဓဝံသ

၁၂။ သာသနဝံသ တို့ဖြစ်ကြသည်။ ယင်းတို့အနက် မဟာဝံသသည် ဒီပဝံသကဲ့သို့ပင် သီဟိုဠ်ကျွန်းသမိုင်းဖြစ်သည်။ မဟာဝံသ၏အကြောင်းအရာသည် ဒီပဝံသ၏ အကြောင်းအရာနှင့်တူသော်လည်း မဟာဝံသက ဒီပဝံသထက် ကျယ်ပြန့်သည်။ ရေးသားပုံမှာလည်း အသက်ပါသည်။ မဟာဝံသသည် သမိုင်းဆိုင်ရာ မဟာကဗျာကျမ်းဖြစ်သည်။ ကမ္ဘာ့ဂန္ထဝင် မဟာကဗျာကျမ်းမျိုး၌တွေ့ရသော ရေးဟန်မျိုး မဟာဝံသ၌ တွေ့ရသည်။ မဟာဝံသကို ငါးရာစုနှစ်နောက်ဆုံး သို့မဟုတ် ခြောက်ရာစုနှစ် အစောပိုင်းလောက်၌ ရေးသားသည်ဟူ၍ အဆိုရှိသည်။ မဟာဝံသကို ဖွင့်ဆိုရေးသားသည့် မဟာဝံသဋီကာကျမ်းလည်း ရှိသည်။ ယင်းကျမ်း၏အဆိုအရ မဟာဝံသ ကျမ်းပြုဆရာ၏အမည်မှာ မဟာနာမမထေရ် ဖြစ်သည်။

သီဟိုဠ်သမိုင်းနှင့် ပတ်သက်၍ အထူးအရေးပါသော ယင်းပါဠိဘာသာ မဟာဝံသ မဟာကဗျာကျမ်းကြီးကို ဂျေ့တန်းနားသည် အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုသည်။ ထိုအချိန်က တန်းနားသည် ဆာဘာရဂါမူဝ ခရိုင်တာဝန်ခံ နိုင်ငံဝန်ထမ်းအဖြစ်ဖြင့် အေဒမ်တောင်ထိပ်အနီးရှိ သမိုင်းဝင် ရတနာပူရမြို့၌ အခြေစိုက်နေသည်။

ပညာလိုလားသူဖြစ်ခြင်းကြောင့် တန်းနားသည် ပါဠိစာပေ ပညာရှင် ဗုဒ္ဓဘာသာဘုန်းကြီးရဟန်းများထံ အမြဲတမ်းဆည်းကပ်သည်။ တန်းနား ပါဠိဘာသာ တတ်မြောက်လာသည်မှာ ထိုဘုန်းကြီးရဟန်းများ၏ ကျေးဇူးကြောင့်ပင် ဖြစ်သည်။

ရတနာပူရမြို့၌နေထိုင်စဉ် တန်းနားအဖို့ ကံကောင်းသွားသည်မှာ မဟာဝံသဋီကာကျမ်းတစ်စောင်ကို ရှားရှားပါးပါး သွားတွေ့ခြင်းဖြစ်သည်။ သူနှင့် ခင်မင်ရင်းနှီးနေသော ဘုန်းတော်ကြီးတစ်ပါး၏ အကူအညီဖြင့် ၅၄၃ ဘီစီမှ ၃၀၄ အေဒီအထိ ပါဝင်သော မဟာဝံသ သုံးဆယ့်ရှစ် ကဏ္ဍကို

mgyoe.com

mgyoe.com

အင်္ဂလိပ်ဘာသာပြန်ဆိုပြီးလျှင် ကိုလံဘိုမြို့၌ ၁၈၃၇ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။

မဟာဝံသ အင်္ဂလိပ်ဘာသာပြန်ထွက်ပေါ်လာခြင်းသည် ထိုအချိန်က ပညာရှင်လောကအတွင်း ဂယက်ရိုက်သွားစေခဲ့သောအဖြစ်အပျက် ဖြစ်သည်။ အရှေ့တိုင်းစာပေကို လေ့လာလိုက်စားသည့် ဥရောပပညာရှင်များသည် အကြီးအကျယ် အံ့ဩသွားကြပြီးလျှင် တန်းနား၏ကြိုးပမ်းချက်ကို ဝမ်းသာအားရ ဂုဏ်ပြုချီးကျူးကြသည်။ မဟာဝံသသည် အင်္ဂလိပ်ဘာသာဖြင့် ပထမဦးဆုံး ဘာသာပြန်သည့် ပါဠိကျမ်းဖြစ်သည်ဟု အဆိုရှိသည်။

မဟာဝံသကို မြန်မာဘာသာဖြင့်လည်း ဘာသာပြန်ဆိုထားသည်။ ဘာသာပြန်ဆိုသူမှာ ကျီးသဲလေးထပ်ဆရာတော်ဖြစ်သည်။ မဟာဝံသကို အင်္ဂလိပ်ဘာသာပြန်သည့်အချိန်ကာလနှင့် မြန်မာဘာသာပြန်သည့် အချိန်ကာလသည် အနှစ် ၇၀ လောက် ကွာသည်။ မဟာဝံသကို တန်းနား အင်္ဂလိပ်ဘာသာ ပြန်သည့်အချိန်မှာ ကျီးသဲလေးထပ်ဆရာတော် မြန်မာဘာသာပြန်သည့်အချိန်ထက် အနှစ် ၇၀ လောက် စောသည်။

ဥရောပတိုက်ပညာရှင်များ စမ်းတဝါးဝါး ဖြစ်နေသည့်အချက်များကို တန်းနား၏ မဟာဝံသ အင်္ဂလိပ်ဘာသာပြန်က မီးမောင်းထိုးပြလိုက်သည်။ မဟာဝံသတွင်ပါသော အချက်အလက်များမှာ ဥရောပ ပညာရှင်များအတွက် မည်မျှအရေးပါအရာရောက်သနည်းဆိုလျှင် အပေါ်စီးက အသာရနေသော မိမိတို့၏ဉာဏ်ပညာနှင့် ပတ်သက်၍ မျက်စိမိုတ် အထင်ကြီးနေကြသော ဥရောပ ပညာရှင်များသည်ပင်လျှင် မဟာဝံသ၌ ပါဝင်သောအချက်အလက်များ၏ ခိုင်မာတိကျမှုကို မဝေဖန်ဝံ့ကြပေ။

သံသယအားလုံး ရှင်းလင်းသွားစေရန် တန်းနားသည် သူ၏မဟာဝံသ အင်္ဂလိပ်ဘာသာပြန် ထွက်ပေါ်လာပြီး မကြာခင်မှာပင် မဟာဝံသမူရင်းကို ရောမအက္ခရာနှင့် ပုံနှိပ်ထုတ်ဝေသည်။

မဟာဝံသ၌ လင်္ကာဒီပသမိုင်းမျှသာမက အိန္ဒိယရှေးဟောင်းသမိုင်းနှင့်ပတ်သက်သော အချက်အလက်များလည်း ပါဝင်နေသည်။ သို့ဖြစ်၍ တန်းနား၏ မဟာဝံသအင်္ဂလိပ်ဘာသာပြန်သည် အိန္ဒိယသမိုင်း ပြုစုရေး

mgyoe.com

mgyoe.com

အတွက်လည်း များစွာအထောက်အပံ့ဖြစ်သွားသည်။ အိန္ဒိယရှေးဟောင်းသမိုင်းနှင့် စပ်လျဉ်း၍ ထိုအချိန်အထိ ယူဆလာခဲ့သော ပညာရှင်တို့၏ အယူအဆကို တန်းနား၏ မဟာဝံသအင်္ဂလိပ်ဘာသာပြန်သည် များစွာ ပြောင်းလဲပစ်လိုက်သည်။

နာမည်ကျော် ဂရိသံတမန် မေဂါစသင်နိစ် မှတ်တမ်းတင်ထားသော စန္ဒရဂုတ္တပ်စ်သည် မဟာဝံသ၌ပါသော စန္ဒရဂုပ္ပတပင်ဖြစ်သည်ဟူ၍ ထိုအခါကျမှ သဘောပေါက်သွားကြသည်။

တန်းနား၏ မဟာဝံသ အင်္ဂလိပ်ဘာသာပြန်ကြောင့် ထူးထူးခြားခြား ကျေးဇူးများသွားသည့် အချက်တစ်ချက်ရှိသေးသည်။ ထိုအချိန်က ပရင်းဆက်သည် အသောကကျောက်စာများကို ကျောက်စာရေးထိုးသူ အသောက၏အကြောင်းကို မသိရှိဘဲနှင့် ဖတ်ဖို့ကြိုးစားနေသည်။ တန်းနားနှင့် ပရင်းဆက်တို့သည် တစ်ဦးနှင့်တစ်ဦး စာချင်းအဆက်အသွယ် ပြုလုပ်ပြီး မေးမြန်းစုံစမ်းကြသည်။ ထိုအခါကျမှပင် အသောကကျောက်စာများ၌ပါသော ပိယဒဿီ ဟူသည်မှာ မဟာဝံသ၌ပါသော ဗုဒ္ဓဘာသာ ဘုရင်ဧကရာဇ် သီရိဓမ္မာသောကမင်းကြီးဆိုသည်ကို သိရှိနားလည်သွားသည်။ ယခုအခါ၌ အသောကကျောက်စာ၏ အနက်အဓိပ္ပာယ်ကို သိရှိနားလည်ရန်အတွက် မည်မျှအခက်အခဲရှိသည်ဆိုသည်ကို နားလည်သဘောပေါက်ဖို့ရန် မလွယ်ကူသော်လည်း တောရှင်းနေရသည့် ထိုအချိန် ကာလကမူ စကားလုံးတစ်လုံး အတွက် မည်မျှဦးနှောက်ခြောက်ရသည် ဆိုသည်ကို မှန်းဆကြည့်ပါမှသာ လျှင် သဘောပေါက်ပေလိမ့်မည်။

အသောကကျောက်စာများ၏ အနက်အဓိပ္ပာယ်ကို သိရှိနားလည် လာရခြင်းမှာ တန်းနားနှင့်ပရင်းဆက်တို့၏ကျေးဇူးကြောင့်ပင်ဖြစ်သည်။

ထိုအချိန်က တိဗက်နှင့်နီပေါရှိ ဗုဒ္ဓစာပေမှတ်တမ်းမှတ်ရာများကို လေ့လာစူးစမ်းနေကြသော ပညာရှင်များသည်လည်း မဟာဝံသ၏အကူအညီဖြင့် မှုန်ဝါးထွေပြားနေသည့် အချက်အလက်များ ရှင်းလင်းပြတ်သားသွားကြသည်။

တန်းနား၏ မဟာဝံသ အင်္ဂလိပ်ဘာသာပြန်ကို ရင်ဒေးဗစ်က 'ပါဠိ

mgyoe.com

ဘာသာသင်ကြားလေ့လာမှု အားလုံး၏အခြေခံအုတ်မြစ်'ဟူ၍ ဆိုထားသည်။ တန်းနား၏ မဟာဝံသအင်္ဂလိပ်ဘာသာပြန်သည် ဝက်မင်စတာရှိ ကိုလိုနီရုံးတွင်လည်း ဂယက်ရိုက်သွားသည်။ တန်းနား၏ မဟာဝံသ အင်္ဂလိပ် ဘာသာပြန်ကြောင့် လင်္ကာဒီပ သီဟိုဠ်ကျွန်းရှိ ရှေးဟောင်း အဆောက်အအုံ အပျက်အစီးများနှင့် ရှေးဟောင်းမြို့ပျက်များကို တူးဖော်ဖို့ စိတ်ပါဝင်စား လာသည်။

၁၈၆၈ ခုနှစ်တွင် သီဟိုဠ်ကျွန်း ဘုရင်ခံ ဆာကျူလ်စ်ရိုဘင်ဆင်သည် တိုင်းပြည်တွင်းရှိ ကျောက်စာအားလုံးကို မှတ်တမ်းတင်ရန် ကော်မရှင် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပေးသည်။ ယင်းမှာ သီရိလင်္ကာနိုင်ငံ (သီဟိုဠ်) ကမ္ဘည်း ကျောက်စာဌာန၏အစဖြစ်သည်။ ရှေးဟောင်း စေတီပုထိုးများနှင့် ရှေး ဟောင်းသံဃာရာမများကို တိတိကျကျ အမည်နာမ သိရှိကြရခြင်းမှာ ယင်းကမ္ဘည်းကျောက်စာဌာန၏ ကြိုးပမ်းအားထုတ်ချက်ကြောင့်ဖြစ်သည်။

ပါဠိကျမ်းဂန်များနှင့် သီဟိုဠ်ကျမ်းဂန်များ၏ အကူအညီဖြင့် တန်းနား သည် သီဟိုဠ်နိုင်ငံသမိုင်းအကျဉ်းချုပ် ကိုလည်း ရေးသားပြုစုသည်။ ယင်းစာအုပ်၌ မင်းဆက်နှင့် အရေးပါသော အဖြစ်အပျက်များ၏ ခုနှစ် သက္ကရာဇ်ကို ရေးသားဖော်ပြထားသည်။ သူ၏ တင်ပြချက်များမှာ တိကျ မှန်ကန်လှသဖြင့် နှစ်ပေါင်းတစ်ရာမျှ နောက်ထပ်အသစ်အသစ် သုတေသန ပြုကြသော်လည်း သူ၏ တင်ပြချက်များကို ပယ်ဖျက်ပစ်၍ မရဘဲရှိနေ ကြသည်။

တန်းနားသည် ထိုအချိန်ကာလအတောအတွင်း၌ **ဗင်္ဂါအေရှတစ် ဆိုဆိုက်တီ**[၁] အသင်း၏ ဂျာနယ်၌ ဗုဒ္ဓဘာသာသမိုင်းနှင့် အိန္ဒိယသမိုင်း အပြင် အခြားအရှေ့တိုင်းဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍လည်း ဆောင်းပါးစာတမ်းများစွာကို ရေးသားသည်။ အိန္ဒိယကျောက်စာများနှင့် ပတ်သက်သော သူ၏ရေးသားတင်ပြချက်များသည် တန်ဖိုးကြီးမားလှပြီး အမြဲတမ်းပင် အလင်းရောင်ထွန်းပြောင်လျက်ရှိနေပေသည်။

တန်းနားသည် ပါဠိပိဋကတ် အားလုံးကို အင်္ဂလိပ်ဘာသာပြန်ဆို

၁။ Bengal Asiatic Society

mgyoe.com

mgyoe.com

ဖို့ အကြံအစည်ရှိသည်။ သို့သော်လည်း အရွယ်ကောင်းတုန်း ကွယ်လွန်သွားသဖြင့် သူ၏ စီမံကိန်းအားလုံးရပ်ဆိုင်းသွားသည်။ တန်းနားသည် ၁၈၄၃ ခုနှစ်တွင် နေပလက်စ်၌ ကွယ်လွန်သွားသည်။ ထိုနှစ်၌ပင် နောင်အခါတွင် တန်းနား၏ခြေရာနင်း၍ ပါဠိကျမ်းဂန်များကို အင်္ဂလိပ်ဘာသာပြန်ဆိုမည့် နာမည်ကျော် ရစ်ဒေးဗစ်ကို ဖွားမြင်ခဲ့သည်။ တန်းနား ကွယ်လွန်ချိန်၌ အသက် ၄၄ နှစ်မျှသာ ရှိသေးသည်။ အသက်ရှည်ရှည်သာနေသွားရလျှင် နောက်ထပ်အဖိုးတန်ကျမ်းစာများ မည်မျှပြုစုသွားမည် မသိပေ။

တန်းနားသည် သီဟိုဠ်ကျွန်း၌ တစ်ဖက်က နိုင်ငံဝန်ထမ်းတာဝန်ကို ဆောင်ရွက်ရင်း တစ်ဖက်ကလည်း စာပေသုတေသနလုပ်ငန်းများကို ကြိုးပမ်းအားထုတ်နေလေရာ ကျန်းမာရေး ကျဆင်းလာသည်။ ထို့ကြောင့် မကွယ်လွန်မီ တစ်နှစ်အလို ၁၈၄၂ ခုနှစ်တွင် ဥရောပသို့ ပြန်သွားသည်။ တန်းနားသည် ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်သွားခဲ့သော်လည်း ထင်ရှားကျော်ကြားသော အရှေ့တိုင်းစာပေပညာရှင်အဖြစ်နှင့် သူ ၏အောင်မြင်မှုမှာမူ ကြီးကျယ်လှပေသည်။

၁၉ ရာစုမတိုင်မီက ဥရောပတိုက်သား ပညာရှင်များသည် ရှေးဟောင်းအရှေ့တိုင်းစာပေ ရေးသားချက်များကို သမိုင်းတန်ဖိုးရှိသည်ဟူ၍ မထင်ကြပေ။ သို့သော်လည်း တန်းနားလို ပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် ထိုအယူအဆများသည် အချိန် အတော်ကြာကြာကပင် တိမ်မြုပ်ပျောက်ကွယ်သွားကြလေပြီ။

❑

mgyoe.com

mgyoe.com

ပညာရှင် မက်မူလာ

[၁၈၂၃-၁၉၀၀]

ဂျာမန်လူမျိုးတစ်ဦးဖြစ်သော်လည်း ဗြိတိသျှနိုင်ငံသားအဖြစ် ခံယူထားသော ဖရီဒရစ် မက်မူလာ[၁] သည် သူ့ဘ၀၏ အချိန်ကာလ အတော်များများ၌ အခြေချခဲ့သော အင်္ဂလန်နိုင်ငံတွင်နေပြီးလျှင် ဗုဒ္ဓဘာသာကို ထုထည်ကြီးမားစွာ အကျိုးပြုခဲ့သည်။ "သူ့ကို စံထားလောက်သော အင်္ဂလိပ်လူမျိုးတစ်ယောက်အဖြစ် ထင်မှတ်ယူဆသင့်၏။ အကြောင်းမူကား သူသည် ပညာရှင်ကြီး ဂျွန်ဘူ[၂] ၏အရေးအသားမျိုးကို မီအောင် ရေးနိုင်သော အရည်အချင်းရှိသောကြောင့်ဖြစ်သည်"။[၃]

မက်မူလာသည် အရှေ့တိုင်းစာစဉ်၏ အလေးထားအပ်သော ကျမ်းစာအုပ်များ[၄] ကို တည်းဖြတ်သူဖြစ်သည်။ ယင်းစာစဉ်၏ ကျမ်းစာ

၁။ Friedrich Max Muller

၂။ John Bull

၃။ The Cabinet Portrait Gallery

၄။ The Sacred Books of the East Series

mgyoe.com

mgyoe.com

အုပ်များထဲတွင် နာမည်ကျော် ပညာရှင်နှစ်ဆယ် အင်္ဂလိပ်ဘာသာပြန်ဆိုသော ကျမ်းစာအုပ်အတွဲ ၅၀ နှင့် သူကိုယ်တိုင် အင်္ဂလိပ်ဘာသာပြန်ဆိုသော ဓမ္မပဒကျမ်းပါဝင်သည်။ ယင်းစာစဉ် အပြီးသတ်သွားသောအခါ မက်မူလာသည် ပါဠိကျမ်းစာအသင်း[၅] ၏ ကွပ်ကွဲမှုအောက်တွင် ပုံနှိပ်ထုတ်ဝေသော **ဗုဒ္ဓကျမ်းစာ စာစဉ်၏အလေးထားအပ်သော ကျမ်းစာအုပ်များ**[၆]ကို တည်းဖြတ်သည်။ ၁၉၀၀ ခုနှစ်၌ မက်မူလာ ကွယ်လွန်သွားသောအခါ ရစ်ဒေးဗစ်က ယင်းစာစဉ်၏တည်းဖြတ်သူအဖြစ် တာဝန်ယူပြီးလျှင် ယင်းစာစဉ်၏ အင်္ဂလိပ်ဘာသာပြန် ၂၅ အုပ်ကို ပုံနှိပ်ထုတ်ဝေသည်။

ယင်းစာစဉ်နှစ်ခုကို တည်းဖြတ်သူအဖြစ် တာဝန်ယူသည်သာမက ဘဲ မက်မူလာသည် ဗုဒ္ဓစာပေနှင့်လည်းကောင်း၊ ဗုဒ္ဓဘာသာအကြောင်းအရာ အမျိုးမျိုးနှင့်လည်းကောင်း ပတ်သက်သော စာတမ်းပေါင်းများစွာကိုလည်း ရေးသားခဲ့သည်။

မက်မူလာသည် "ဗုဒ္ဓဘာသာသည် **နတ္ထိကဝါဒ**[၁] ဖြစ်သည်" ဟူသော အယူအဆကို ငြင်းပယ်သော ရှေးဟောင်း အနောက်တိုင်း ပညာရှင်များထဲက တစ်ယောက်ဖြစ်သည်။ ယင်းအယူအဆ ယူဆကြသူ များထဲတွင် သူ၏ဆရာ **ယူဂျင်ဘာနော့**[၂] လည်း ပါဝင်သည်။ ဘာနော့သည် ပြင်သစ်လူမျိုး အရှေ့တိုင်းစာပေပညာရှင် ဖြစ်သည်။

အင်ဟောဒက်ဆု၏ ဒုချီ[၃] ၌ ၁၈၂၃ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် မွေးဖွားသော မက်မူလာသည် ထိုအချိန်က နာမည်ကျော်ကဗျာဆရာဖြစ်သော **ဝီလဟင်မူလာ**[၄] ၏ သားဖြစ်သည်။ အသက် ၂၈ နှစ်တွင် ဂန္ထဝင်နှင့် ဘာသာဗေဒပညာရှင် တစ်ဦးဖြစ်လာသော ဝီလဟင်သည် ဂရမ္မာကျောင်းတစ်ကျောင်း၏ ကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ နောက်ပိုင်း

၅။ The Pali Text Society

၆။ The Sacred Books of the Buddhist Series

၁။ Nihilism ၂။ Eugene Burnouf

၃။ Anhalt-Dessau ၄။ Wilhelm Muller

mgyoe.com

mgyoe.com

၌ ဝီလဟင်သည် သူတို့၏မြို့တွင် ရှိသော မင်းပိုင်းစိုးပိုင်း စာကြည့်ပိဋကတ်တိုက်[၅] ၏ ဒါရိုက်တာဖြစ်လာသည်။

ကဗျာဆရာများ၊ အနုပညာရှင်များ၊ ဂီတသမားများ၊ စာပေပညာရှင်များသည် ဝီလဟင်နှင့် ဝီလဟင်၏ပါရမီရှင် ဇနီးမယားတို့ကို လေးစားခင်မင်ကြသည်ဖြစ်၍ သူတို့၏အိမ်သို့ မကြာခဏ လာရောက်လည်ပတ်ကြသည်။ ဝီလဟင်သည် သူ့သား၏နာမည်ကို သူတို့မိသားစု၏ မိတ်ဆွေတစ်ဦးဖြစ်သော အင်ဟောဒက်ဆု မှူးမတ်ဖြစ်သော ဖရိဒရစ်လီပို[၆] ၏ အမည်ကိုယူပြီးလျက် မှည့်ထားသည်။

မူလာတို့၏အိမ်ထောင်စုသည် ရွှင်လန်းချမ်းမြေ့မှုရှိသော အိမ်ထောင်စုတစ်ခုဖြစ်သည်။ သို့ရာတွင် ယင်း ရွှင်လန်းချမ်းမြေ့မှုသည် နှစ်အနည်းငယ်မျှသာ ခံသည်။ အကြောင်းမူကား ၁၈၂၇ ခုနှစ်၌ အသက် ၃၃ နှစ်အရွယ်တွင် ဝီလဟင်သည် သူ၏ ဇနီးငယ်ကိုလည်းကောင်း၊ အသက်ရှစ်နှစ်အရွယ်ရှိ သူ၏သမီးငယ်ကို လည်းကောင်း၊ အသက်လေး နှစ်အရွယ်ရှိ မက်မူလာကို လည်းကောင်း အကျဉ်းထဲ အကျပ်ထဲထားပစ်ခဲ့ပြီးလျှင် ကွယ်လွန်သွားရာသည်။ သို့ရာတွင် ကျန်ရစ်ခဲ့သူများကို အကူအညီပေးမည့် မိတ်ဆွေသင်္ဂဟများရှိသည်။ ဝီလဟင်၏ မိတ်ဆွေတစ်ဦးဖြစ်သော ဒေါက်တာကာရုသည် မက်မူလာအား လိပဇစ်[၇] ရှိ သူ့အိမ်ကိုခေါ်သွားပြီးလျှင် ကျောင်းထားပေးသည်။

ဒေါက်တာကာရု၏ အိမ်သည်လည်း ကဗျာဆရာများ၊ အနုပညာရှင်များ၊ ဂီတပညာရှင်များ၊ စာပေပညာရှင်များ တွေ့ဆုံကြသောနေရာတစ်နေရာဖြစ်သည်။ ယင်း ပညာရှင်များသည် မက်အား အလားအလာရှိသော သူငယ်တစ်ယောက်အဖြစ် မြင်လာကြသည်။ မက်မူလာသည် ဂီတပညာကိုလည်း သင်ကြားဆည်းပူးသည်။ သို့ရာတွင် ဖီလစ်မင်ဒယ်ဆိုဟင်[၈] က မက်အား ဂီတပညာရှင်အဖြစ် အသက်မမွေးရန် အကြံဉာဏ်ပေးသည်။ ထိုအခါ မက်သည် ဘာသာဗေဒကို သင်ကြားလေ့လာရန်

၅။ The ducal library

၆။ Frie-drich Leopold

၇။ Leipzig

၈။ Felix Mendessohn

mgyoe.com

mgyoe.com

ဆုံးဖြတ်ချက်ချလိုက်သည်။

ပါရမီရှင်တစ်ဦးအဖြစ် အသိအမှတ်ပြုထားခြင်းခံရသော မက်သည် အသက် ၁၇ နှစ်အရွယ်၌ လိပဇစ်တက္ကသိုလ်တွင် ဝင်ရောက်ပညာ သင်ကြားပြီးလျှင် ၁၈၄၃ ခုနှစ် အသက် ၂၀ အရွယ်၌ ဘာသာဗေဒပညာရှင်အဖြစ် ဒေါက်တာဘွဲ့ရရှိသည်။ လူငယ်တစ်ယောက်အဖြစ်ဖြင့် မက်သည် **လော့ဇေ**[၂]၊ **ဂျော့ဖောစတာ**[၃]၊ **ဟာဒါ**[၄]၊ **ဂိုထေး**[၅] ကဲ့သို့သော အိန္ဒိယကဗျာနှင့် လည်းကောင်း၊ အိန္ဒိယရှေးဟောင်းပစ္စည်း ဝတ္ထုများနှင့်လည်းကောင်း ပတ်သက်သည့် သုတေသီ ပညာရှင်ပိုင်းက ပုဂ္ဂိုလ်များနှင့် အဆက်အသွယ် ရရှိသွားသည်။ ထိုပညာရှင်များက သူ့ကို အထင်ကြီးသွားကြသည်။ အိန္ဒိယ အတွေးအခေါ်များနှင့် ပတ်သက်သော ခက်ခဲနက်နဲသော ပြဿနာများကို မက်သည် **ရှိုပင်ဟောင်ဝါ**[၆]နှင့် ဆွေးနွေးသည်။ သူ၏ ပထမဦးဆုံး စာပေကြိုးပမ်းမှုမှာ သက္ကတဂန္ထဝင် **ဟိတောပဒေသ**[၇] (ဤစာရေးသူ မြန်မာဘာသာ ပြန်ထားသည်။) ကို ဂျာမန်ဘာသာ ပြန်ဆိုခြင်းဖြစ်သည်။ ယင်းဟိတောပ ဒေသ ဂျာမန်ဘာသာပြန်ကို ၁၈၄၄ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။

ထို့နောက် မက်သည် ဘာလင်သို့ သွားသည်။ ဘာလင်၌ **ဖရန်ဘော့**[၈] က ပညာကျယ်ကျယ်ပြန့်ပြန့် သင်ကြားဆည်းပူး လိုသော မက်အား အိန္ဒိယ–ဂျာမန်ဘာသာဗေဒ ဆက်သွယ်မှုပညာရပ်ကို သင်ကြားပေးသည်။ **ဖရက်ဒရစ် ရုကတ်**[၉] က မက်ကို စာပေလှုပ်ရှားမှုများ၌ ပါဝင်စေပြီးလျှင် ဘာသာပြန်ဆိုမှု အတတ်ပညာကို သင်ကြားပြသပေးသည်။ မက်သည် **စကယ်လင်**[၁၀]၏ ဟောပြောချက်များကို စိတ်ပါဝင်စားပြီးလျှင် **သီယိုဒို ဖန်တိမ်**[၁၁]၏ မိတ်ဆွေအပေါင်းအသင်းများထဲတွင် ပါဝင်လာသည်။ ယင်းပုဂ္ဂိုလ်များက မက်အား အထူးပင် ချီးကျူးကြသည်။

၂။ Lotze ၃။ Georg Forsters ၄။ Herder

၅။ Goeth ၆။ Schopenhauer

၇။ ဤစာရေးသူ မြန်မာဘာသာ ပြန်ထားသည်။ ၈။ Franz Bopp

၉။ Fredrich Ruckert ၁၀။ Schelling ၁၁။Theodor Fontane

mgyoe.com

mgyoe.com

၁၈၄၆ ခုနှစ်တွင် မက်သည် ပါရီသို့သွားသည်။ အင်တိုနီ လီယို နာဒီ–ချေဇီ[၁၂] နှင့် နောက်ပိုင်းတွင် ယူဂျင်ဘာနော့တို့ နေကြသော ပါရီသည် အိန္ဒိယစာပေပညာကို လေ့လာလိုက် စားသူများအတွက် ဆွဲဆောင်မှုရှိသော နေရာတစ်နေရာဖြစ်သည်။

ဘာနော့၏ အကူအညီဖြင့် မက်သည် ဝေဒနှင့် ဗုဒ္ဓစာပေကို နားလည် တတ်မြောက်လာသည်။ သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ၌ ရေးသားထားသည့် အတိုင်း ဝေဒမန္တန်များနှင့်ပတ်သက်သော ဘာနော့၏ ဟောပြောချက်များ သည် မက်အတွက် ကမ္ဘာသစ်တစ်ခု ဖွင့်ပေးလိုက်သည်။

ဘာနော့က လှုံ့ဆော်အားပေးသည်ဖြစ်၍ မက်သည် ရိဂဝေဒ[၁] ကို တည်းဖြတ်ရန် ဆုံးဖြတ်ချက်ချသည်။ ယင်းကိစ္စအတွက် ရှေးဟောင်းလက် ရေးစာမူ ပေပုရပိုက်များ ရရှိနိုင်သော လန်ဒန်သို့ ထွက်ခွာသွားသည်။ ယင်း အလုပ်မှာ အလွန်ကြီးကျယ်ပြီး ငွေကုန်ကြေးကျများသည့် အလုပ်ဖြစ်သည်။ စိန့်ဂျိမ်း[၂] ၏နန်းတော်၌ ရှိနေသော ပရပ်ရှားသံအမတ် ခရစ်ယာန် ကာလ် ဂျိုစိယာဗေရွန် ဘွန်ဇန်ဆင်[၃] နှင့် အရှေ့အိန္ဒိယကုမ္ပဏီက သူ့ကို ထိုစီမံ ကိန်းအတွက် ငွေကြေးအကူအညီပေးကြသည်။

ဗော့ဒလိန်း စာကြည့်ပိဋကတ်တိုက်[၄] ၌ မက်မူလာသည် အောက် စဖို့တက္ကသိုလ် ပါမောက္ခဝီလဆင်[၅] နှင့် အသိအကျွမ်းဖြစ်သွားသည်။ ရာမာ ယဏကျမ်းကို အင်္ဂလိပ်ဘာသာပြန်သူ ဝီလဆင်ကမက်အား အင်္ဂလန်တွင် နေရန် တိုက်တွန်းသည်။ ၁၈၄၈ ခုနှစ်၌ မက်သည် အောက်စဖို့တက္ကသိုလ်၌ အခြေချပြီးလျှင် ရိဂဝေဒပထမတွဲကို ပုံနှိပ်ထုတ်ဝေသည်။ ၁၈၄၉ ခုနှစ်၌ အောက်စဖို့တက္ကသိုလ်က မက်အား ဘာသာဗေဒ နှိုင်းယှဉ်ချက် ပညာရပ်[၆] နှင့် ပတ်သက်၍ ဟောပြောချက်များကို ဆက်တိုက်ပို့ချပေးရန် ဖိတ်မန္တက ပြုသည်။

၁၂။ Antone Leonard de Chezy   ၁။ Rigveda   ၂။ St. Jame
၃။ Christian Karl Josias Baron von Bunsen
၄။ The Bodlein Library   ၅။ Wilson
၆။ Comparative Philology

mgyoe.com

mgyoe.com

ထိုအချိန်မှစ၍ နောက်ပိုင်း၌ မူလာသည် တဖြည်းဖြည်း ထင်ရှား ကျော်ကြားလာသည်။ မက်မူလာသည် ၁၈၅၄ ခုဌ် ခေတ်သစ် ဥရောပ ဘာသာစကားများ[၇] နှင့် ပတ်သက်သော ပါမောက္ခဖြစ်လာသည်။ ၁၈၅၈ ခုနှစ်၌ အောလ်ဆိုလ်ကောလိပ်[၈] ၏ သုတေသနပညာရှင်[၉] ဖြစ်လာ သည်။ ၁၈၅၆ ခုနှစ်၌ ဗောဒလိန်းစာကြည့်ပိဋကတ်တိုက်၏ ပိဋကတ်မှူး ဖြစ်လာသည်။ ထိုအချိန်မတိုင်မီကလည်း မက်သည် ဂုဏ်ထူးဆောင် မဟာ ဝိဇ္ဇာဘွဲ့ပေးအပ်ခြင်းခံရပြီး ခရစ်ချာ့ချ်[၁၀] ၏ အဖွဲ့ဝင် တစ်ဦးဖြစ်လာသည်။

၁၈၆၀ ခုနှစ်တွင် သက္ကတပေါမောက္ခရာထူးနေရာ လစ်လပ်သွား သည်။ သို့ရာတွင် ဝါဒသဘောတရားကို ချုပ်ကိုင်ထားသူများက တက္ကသိုလ် တွင် ပထမဦးစွာ ဒဿနပညာရှင် ကန့်နှင့်ပတ်သက်၍ သင်ကြားပြသပေးဖူး သူ မက်အား သက္ကတပါမောက္ခရာထူးမပေးရန် ကန့်ကွက်ကြသည်။ သို့ရာ တွင် နှစ်ပေါင်း ၈ နှစ်ကြာလာသောအခါ ဘာသာဗေဒနှိုင်းယှဉ်မှု ပညာရပ်နှင့် ပတ်သက်သော ပါမောက္ခရာထူးအသစ်အတွက် အုတ်မြစ်ချပြီးလျှင် ယင်း အုတ်မြစ်၌ မက်မူလာအား ပထမဦးဆုံး ပါမောက္ခအဖြစ် အမည်နာမ ကမ္ပည်း ရေးထိုးထားသည်။ မက်မူလာသည် ကွယ်လွန်သည်အထိ သက္ကတပါမောက္ခ အဖြစ် အမှုထမ်းသွားသည်။

မက်မူလာ တည်းဖြတ်သော ရိဂဝေဒသည် အတွဲ ၆ တွဲရှိသည်။ ၂၅ နှစ်တိတိ ကြိုးပမ်းအားထုတ်ရသော ယင်းကျမ်းစာများသည် အိန္ဒိယ စာပေအတွက် မက်မူလာ၏ အကြီးမားဆုံး အကျိုးပြုချက်ပင် ဖြစ်သည်။ ဘုရားဟော မုခပါဠ်ဝစနဟု ထင်မြင်ယူဆလာခဲ့သည်ဖြစ်၍ တစ်ကြိမ် တစ်ခါမှ ပုံနှိပ်ထုတ်ဝေခြင်းမပြုလုပ်ဘဲ ဗြာဟ္မဏလူတန်းစားတို့၏ လက်ထဲ ၌သာ ရှိနေသော ဝေဒကျမ်းစာများ ပုံနှိပ်ထုတ်ဝေနိုင်သည့်အခြေအနေသို့ ရောက်ရှိသွားခြင်းသည် မက်မူလာအတွက် မယုံကြည်နိုင်စရာ ဖြစ်နေသည်။ အနည်းငယ်မျှသော ပုဂ္ဂိုလ်များသာ ရိဂဝေဒကျမ်းစာ ပုံနှိပ်ထုတ်ဝေခြင်းကို ကန့်ကွက်ကြသည်။ လူအများစုကမူ ရိဂဝေဒ ပုံနှိပ်ထုတ်ဝေခြင်းကို လက်ခံ

၇။ Modern European Languages ၈။ All Souls College

၉။ Fellow ၁၀။ Christ Chuch

mgyoe.com

mgyoe.com

သဘောတူကြသည်ဖြစ်၍ ကျေးဇူးပင် တင်ကြသည်။ ဗြာဟ္မဏများကပင် လျှင် မက်တည်းဖြတ်သော ရိဂဝေဒကျမ်းစာ၏ အကူအညီဖြင့် သူတို့၏ ရိဂဝေဒ ပေ ပုရပိုက် လက်ရေးစာမူများကို ပြင်ဆင် သုတ်သင်ကြသည်။

မက်မူလာ ပုံနှိပ်ထုတ်ဝေသော အကောင်းဆုံးစာအုပ်များထဲက စာအုပ်တစ်အုပ်မှာ အိန္ဒိယက ကျွန်ုပ်တို့အား မည်သည့်အရာ သင်ပြနိုင်သနည်း[၁] ဟူသော စာအုပ်ဖြစ်သည်။ ယင်းစာအုပ်သည် အိန္ဒိယနှင့် ဆန့်ကျင်ဘက် တစ်ဖတ်သတ် အယူအဆများကို ချေဖျက်ထားသည်။ ယင်းစာအုပ်ကို ဖတ်သူသည် ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာခြင်း မပြုဘဲနှင့် အိန္ဒိယနှင့် အိန္ဒိယလူမျိုးတို့၏ အကြောင်းကို ထိုမျှလောက် အသေးစိတ် ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ရေးသားထားခြင်းကို မအံ့သြဘဲ မနေနိုင်ပေ။

မက်သည် ငယ်ရွယ်စဉ်အချိန်ကာလက အိန္ဒိယသို့လာရန် ငွေကြေးမရှိပေ။ နောက်ပိုင်း ငွေကြေးရှိလာသောအခါ အချိန်မရှိဖြစ်နေပြန်သည်။ "ရှေးဟောင်းပညာရှင်များသည် ရောမ သို့မဟုတ် ဧသင်ကို ကြည့်ရှုရန် ဆန္ဒပြင်းပြသကဲ့သို့ ကျွန်ုပ်သည် ဗာရာဏသီသို့သွားပြီး ဂင်္ဂါမြစ်ထဲမှာ ရေချိုးလိုသည့်ဆန္ဒပြင်းပြသည်" ဟူ၍ မက်မူလာက ရေးသားထားဖူးသည်။

အိန္ဒိယပြဿနာများနှင့် ပတ်သက်သော သူ၏ အယူအဆသည် အိန္ဒိယမျိုးချစ်ပုဂ္ဂိုလ်တစ်ဦး၏ အယူအဆအတိုင်းဖြစ်သည်။ အိန္ဒိယလူမျိုးများသည် မက်မူလာအား သူတို့နိုင်ငံ၏ အကြီးမားဆုံး မိတ်ဆွေအဖြစ် လေးစားမြတ်နိုးကြသည်။ မက်မူလာ အထိမ်းအမှတ်အဖြစ် မက်မူလာဗိမာန်[၁] အမည်ဖြင့် အဆောက်အအုံကြီးတစ်ခု ဆောက်လုပ်ထားကြသည်။

အင်္ဂလန်နိုင်ငံက သူ့ကို နိုင်ငံသားကောင်းတစ်ယောက်အနေနှင့် ကောင်းစွာပြုမူဆက်ဆံသော်လည်း မက်မူလာသည် ၁၈၅၉ခုနှစ် မေဒင်ဟက်[၂] မှ ဂျော့ဂျစ်နာ ဂရင်းဖယ်[၃] နှင့် အိမ်ထောင်ပြုမှ ပင် အင်္ဂလန်ကို

၁။ India - What can it teach us?
၂။ Maiden head
၁။ The Max Muller Bhavan
၃။ Georgina Grenfell

mgyoe.com

mgyoe.com

ကိုယ့်အိမ်ကိုယ့်ယာ ဟူ၍ အသိအမှတ်ပြုသည်။

မက်မူလာသည် အင်္ဂလန်၌မည်မျှထင်ပေါ်ကျော်ကြားသနည်းဆိုလျှင် တိုင်း[၄] သတင်းစာကြီးက သူ့အတွက် ကော်လံအမြဲ ဖွင့်ထားသည်။ ၁၈၇၃ ခုနှစ်၌ အင်္ဂလန်အသင်း ဂိုဏ်းအုပ်ဘုန်းတော်ကြီး **စတန်လီ**[၅] ဖိတ်သည်ဖြစ်၍ မက်မူလာသည် **ဝက်မင်စတာ အဘေး**[၆] ၌ ဘာသာတရားနှင့် ပတ်သက်၍ ဟောပြောသည်။ ထိုနေရာဌာန၌ လူဝတ်ကြောင်တစ်ယောက်အနေနှင့် ဟောပြောသည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ယင်းအဖြစ်အပျက်မှာ တစ်ခုတည်းသော အဖြစ်အပျက်ဖြစ်သည်ဟူ၍ 'တိုင်း' သတင်းစာကြီးက ရေးသားဖော်ပြထားသည်။

တစ်ကြိမ်တွင် မက်မူလာက ဤသို့ပြောပြသည်။ "လူကြီးလူကောင်းအားလုံးသည် ဘဝသုံးဘဝနေကြရသည်ဟူ၍ ပြောဆိုနိုင်သည်။ ဘဝတစ်ဘဝမှာ ကမ္ဘာလောကက မြင်ရသော၊ လက်ခံသောဘဝဖြစ်၏။ ယင်းဘဝမှာ လူတစ်ဦးတစ်ယောက်၏ အပြင်အပ ဗဟိဒ္ဓဘဝဖြစ်၏။ ဒုတိယဘဝမှာ လူတစ်ဦးတစ်ယောက်၏ ရင်းနှီးသော မိတ်ဆွေများ မြင်ရသော ဘဝဖြစ်၏။ ယင်းဘဝမှာ ထိုပုဂ္ဂိုလ်၏အိမ်ထောင်သည်ဘဝဖြစ်၏။ တတိယဘဝမှာ မိမိကိုယ်တိုင် မြင်ရသော၊ နှလုံးသားကို ရှာဖွေနေသော ပုဂ္ဂိုလ်မြတ်မြင်ရသော ဘဝဖြစ်၏။"

မက်မူလာ၏ ယင်းအဆိုပြုချက်နှင့်ပတ်သက်၍ ၁၈၉၃ ခုနှစ်၌ "ကျွန်ုပ်တို့ကျမ်းပြုဆရာ၏ စာအုပ်စာတမ်းများကို ဖတ်လျက် သူ၏စာဖတ်ပရိသတ်သည် သူ၏ဘဝသုံးခုလုံး၌ မက်မူလာသည် အမှန်တကယ်ပင် မဟာလူသားတစ်ဦးဖြစ်သည်" ဟူ၍ ကောက်ချက်ချထားသည်။

❑

၄။ The Time

၅။ Stanley

၆။ Westmanster Abbey

mgyoe.com

mgyoe.com

အာရှအလင်းရောင် ကဗျာဆရာ
ဆာ အက်ဒွင် အာနိုး [၁၈၃၂-၁၉၀၄]

ဆာ အက်ဒွင် အာနိုး ...

သူကား ရုပ်တရား လွှမ်းမိုးမှုခံရသည့် အနောက်နိုင်ငံယဉ်ကျေးမှု ပတ်ဝန်းကျင်တွင် ကြီးပြင်းခဲ့ရသူဖြစ်သော်လည်း အနောက်နိုင်ငံသူ နိုင်ငံသားတို့အား စိတ်၏ ငြိမ်းချမ်းမှုရှိရာသို့ သွားရာလမ်းကို ညွှန်ပြသူ ဖြစ်သည်။ ရုပ်တရားတည်းဟူသော အမှောင်လွှမ်းနေသည့် အနောက်တိုင်း ယဉ်ကျေးမှု အဆောက်အအုံကြီးတွင် စိတ်၏ ငြိမ်းချမ်းမှု အလင်းရောင် တောက်ပစေသူဖြစ်သည်။ အာရှ၏အလင်းရောင်ကို ဥရောပသို့ ဆောင်ကြဉ်း သွားသူဖြစ်သည်။

ဆာအက်ဒွင်အာနိုး[၁]သည် အာရှ၏ အလင်းရောင်[၂]ကို ရေးသား ဖွဲ့ဆိုလျက် အာရှ၏ အလင်းရောင်ဖြစ်သည့် ဗုဒ္ဓတရားကို ဥရောပနှင့် မိတ်ဆက်ပေးသည်။ သူ၏ 'အာရှ အလင်းရောင်'သည် ဗုဒ္ဓ၏ ဘဝဖြစ်စဉ်

၁။ Sir Edwin Arnold ၂။ The Light of Asia

mgyoe.com

mgyoe.com

နှင့် တရားတော်ကို အပြောင် မြောက်ဆုံး၊ အအောင်မြင်ဆုံး ဖွဲ့ဆိုထားသည့် ကဗျာအဖွဲ့ဖြစ်၍ ဗုဒ္ဓအကြောင်း၊ ဗုဒ္ဓ၏တရားအကြောင်းကို ကမ္ဘာအား သိမြင်နားလည်စေရန်အတွက် ကြီးစွာသော အကူအညီ အထောက်အပံ့ကို ပေးခဲ့သည်။

အက်ဒွင်အာနိုးသည် ကဗျာဆရာဖြစ်သည်။ ပညာရှင်ဖြစ်သည်။ သတင်းစာဆရာဖြစ်သည်။ အရှေ့တိုင်းစာပေပညာရှင်ဖြစ်သည်။ ဗုဒ္ဓဝါဒ ဖြန့်ဖြူးရေးသမားဖြစ်သည်။ ၁၈၃၂ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် လန်ဒန်နှင့် မဝေးလှသည့် ဂရေးဗက်ဆင်၌ ဖွားမြင်သည်။ ရောဘတ်ကိုလ်စ်အာနိုး၏ ဒုတိယသားဖြစ်သည်။ ရောချက်စတားရှိ ဘုရင့်စာသင်ကျောင်းတွင် လည်းကောင်း၊ လန်ဒန်ရှိဘုရင့် ကောလိပ်တွင်လည်းကောင်း၊ အောက်စဖို့တက္ကသိုလ် တွင်လည်းကောင်း ပညာသင်ကြားသည်။ အသက်ငယ်ရွယ်စဉ်ကပင် ပညာ ဉာဏ်ထူးချွန်သူဖြစ်၏။ ရှေးဟောင်းစာပေနှင့် ဘာသာစကား သင်ကြားရေး၌ အထူးဝါသနာပါ၏။ ပညာသင်ဆုရှင်အဖြစ်နှင့် အောက်စဖို့ တက္ကသိုလ်၌ ပညာသင်ကြားနေစဉ် အသက် ၂၀ အရွယ်၌ ကဗျာတစ်ပုဒ် ရေးသားဖွဲ့ဆိုသည့်အတွက် ဆုချီးမြှင့်ခြင်းခံရသည်။

၁၈၅၄ ခုနှစ်၌ အောက်စဖို့တက္ကသိုလ်မှ ဂုဏ်ထူးနှင့်ဘွဲ့ရရှိပြီး ကျောင်းထွက်လိုက်သည်။ ကျောင်းထွက်ပြီး မကြာခင် ဘာမင်ဂန်ရှိ ဘုရင့်အက်ဒဝပ် ဆဋ္ဌမစာသင်ကျောင်း၌ လက်ထောက်ကျောင်းအုပ်ဆရာကြီးအဖြစ် အမှုထမ်းသည်။ ထို့နောက် အိန္ဒိယသို့ရောက်လာပြီး ပူးနားမြို့ရှိ အစိုးရသက္ကတ ကောလိပ်၌ ကျောင်းအုပ်ကြီးရာထူးကို လက်ခံရရှိသည်။ သူ အိန္ဒိယ၌ ကျောင်းအုပ်ကြီးအဖြစ် အမှုထမ်းချိန်မှာ အင်္ဂလိပ်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုအောက်၌ အိန္ဒိယလူမျိုးများ တွန်းလှန်ရုန်းထနေသော အချိန်ဖြစ်သည်။ အိန္ဒိယလွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၌ ကြီးမားသော အခန်းကဏ္ဍ တစ်ခု ဖြစ်သည့် စစ်သားများ တော်လှန်ထကြွမှုဖြစ်သည်မှာ ထိုအချိန်ကာလက ဖြစ်သည်။

အက်ဒွင်အာနိုးသည် ၁၈၆၁ ခုနှစ်တွင် အလုပ်မှနုတ်ထွက်လျက် အင်္ဂလန် ပြန်သွားသည်။ အိန္ဒိယနိုင်ငံ၌ ဗြိတိသျှအစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှု

mgyoe.com

mgyoe.com

ကို မျက်ဝါးထင်ထင် တွေ့မြင်သွားရသည်။ သို့ရာတွင် အိန္ဒိယတွင် နေခဲ့ရသဖြင့် သူ့အတွက် အမြတ်ထွက်သွားသည်။ အိန္ဒိယယဉ်ကျေးမှုကို လေ့လာခွင့်ရခဲ့သည်။ အိန္ဒိယရှေးဟောင်းစာပေကို ဆည်းပူးခွင့်ရခဲ့သည်။ ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာကို သင်ကြားခွင့်ရခဲ့သည်။ သူ၏နာမည်ကျော် လက်ရာများမှာ ထိုလေ့လာချက်၊ ဆည်းပူးချက်၊ သင်ကြားချက်များကို အခြေခံပြီး ရေးသားဖွဲ့ဆို စီကုံးထားသည့် စာများသာဖြစ်ကြသည်။

အင်္ဂလန် ပြန်ရောက်သောအခါ အက်ဒွင်အာနိုးသည် **ဒေလီတယ်လီဂရပ်**[၁] သတင်းစာ၏ အယ်ဒီတာအဖွဲ့ဝင်တစ်ဦးအဖြစ် ဝင်ရောက် အမှုထမ်းသည်။ ထိုစဉ်က တယ်လီဂရပ်သတင်းစာမှာ အင်္ဂလန်ပြည်၏ သြဇာပြည့်ဝသော သတင်းစာကြီးတစ်စောင် ဖြစ်သည်။ အာနိုးသည် ထိုသတင်းစာကြီး၌ အယ်ဒီတာအဖွဲ့ဝင်တစ်ဦးအဖြစ်ဖြင့် နှစ်ပေါင်း ၄၀ ကျော်မျှ ခေါင်းကြီးများ၊ ဆောင်းပါးများကို ရေးသားနေသည်။ ထိုအတွင်း တစ်ဖက်ကလည်း စာပေနှင့်ပတ်သက်သည့် သူ၏ ဆောင်းပါးများ၊ ကဗျာများ ရံဖန်ရံခါ ထွက်ပေါ်လာသည်။ အာနိုးသည် သတင်းစာပညာ အပြည့်အဝရှိပြီး စိတ်အားတက်ကြွသော သတင်းစာဆရာတစ်ဦး ဖြစ်သည်။ သို့ရာတွင် နာမည်ကျော်ကဗျာဆရာတစ်ဦးအဖြစ်ဖြင့်သာ သူ့ကို လူအသိများသည်။ သူ့တွင် သတင်းစာပညာနှင့် ကဗျာပညာ ပေါင်းဆုံနေသည်။ သို့ရာတွင် သတင်းစာပညာထက် စာပေကဗျာ၌ အောင်မြင်မှု ပိုမို ရရှိသည်။

အာနိုးသည် ၁၈၆၁ ခုနှစ်တွင် **ဟိတောပဒေသ** ကို The Book of good counsel အမည်ဖြင့်လည်းကောင်း၊ ၁၈၇၉ ခုနှစ်တွင် ဇယဒေဝ၏ ဂီတာဂေါဝိန္ဒကို Indian Song of Songs အမည်ဖြင့်လည်းကောင်း၊ ၁၈၈၃ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်တွင် မဟာဘာရတကို Indian Ideals အမည်ဖြင့်လည်းကောင်း အင်္ဂလိပ်ဘာသာ ပြန်ဆိုထုတ်ဝေသည်။ ယင်းဘာသာပြန်များ၏ မူလစာအုပ်များမှာ သက္ကတဘာသာစာအုပ်များချည်း ဖြစ်ကြ၏။ ထို့ပြင် ၁၈၆၂–၆၄ ခုနှစ်တွင် ဒါလဟိုဇီ၏ လက်အောက်ရှိ ဗြိတိသျှ

၁။ The Daily Telegraph

mgyoe.com

mgyoe.com

အစိုးရ၏ အိန္ဒိယအုပ်ချုပ်ရေးသမိုင်းကိုလည်း ရေးသားသည်။ ၁၈၈၈ ခုနှစ်တွင် သူ၏ကဗျာများကိုပေါင်း၍ အတွဲ ၈ တွဲဖြင့် ထုတ်ဝေသည်။

သူ၏ အကျော်ကြားဆုံး အအောင်မြင်ဆုံး လက်ရာကား ၁၈၇၉ ခုနှစ်တွင် ထွက်လာသော အာရှ၏ အလင်းရောင် ဖြစ်၏။ ဗုဒ္ဓ၏ဘဝ ဖြစ်စဉ်နှင့် တရားတော်ကို အင်္ဂလိပ်ကဗျာဖြင့် ဖွဲ့ဆိုထားသည့် စာအုပ် ဖြစ်သည်။ အာနိုးသည် ထိုကဗျာအဖွဲ့ကို သက္ကတဘာသာဖြင့် ရှိသော အဿဃောသ၏ ဗုဒ္ဓစရိတကို မှီး၍ ရေးသားဖွဲ့ဆိုထားခြင်းဖြစ်သည်။ ပထမဦးဆုံး သက္ကတပြဇာတ်ရေးဆရာ၊ ဗုဒ္ဓဒဿနဆရာ၊ သက္ကတကဗျာ ဆရာဖြစ်သူ အဿဃောသရေးသည့် နာမည်ကျော် စာအုပ်နှစ်အုပ် ရှိသည်။ တစ်အုပ်မှာ 'သုန္ဒရနန္ဒ' ဖြစ်သည်။ သုန္ဒရနန္ဒကို 'ညီတော်မင်းနန်' အမည်ဖြင့် ဤစာရေးသူ မြန်မာဘာသာ ပြန်ဆိုထားသည်။ အာရှ၏ အလင်းရောင် အတွက် အာနိုး အမှီသဟဲပြုသော ဗုဒ္ဓစရိတမှာ အဿဃောသ၏ အခြား နာမည်ကျော် ကျမ်းစာဖြစ်သည်။ ဗုဒ္ဓဝင်ကို သက္ကတကဗျာဖြင့် ဖွဲ့ဆိုထား သည့် ကျမ်းစာဖြစ်၏။

အာရှ၏ အလင်းရောင် ကဗျာအဖွဲ့ထွက်လာသည်နှင့် တစ်ပြိုင်နက် အာနိုး၏နာမည် ကမ္ဘာကျော်သွားသည်။ ထိုကဗျာသည် ကဗျာဆရာအား ထိပ်တန်း အင်္ဂလိပ်ကဗျာဆရာအဆင့်ကိုလည်း ရယူစေခဲ့သည်။

ထိုကဗျာစာအုပ် မည်မျှတွင်ကျယ်သနည်းဟူမူ ထွက်ပြီး မကြာခင် နှစ်အနည်းငယ်အတောအတွင်း၌ပင် အင်္ဂလန်၌ အကြိမ်ပေါင်း ခြောက်ဆယ်၊ အမေရိက၌ အကြိမ်ပေါင်း ရှစ်ဆယ် ပြန်ရိုက်နှိပ်ထုတ်ဝေရသည်။ နှစ်အနည်းငယ်အတွင်း၌ အုပ်ရေပေါင်း သိန်းသန်းချီရောင်းရသည်။ ထို့နောက် လည်း အဆက်မပြတ် ထပ်ကာထပ်ကာ ထုတ်ဝေရောင်းချနေရသည်။ အာရှ၏အလင်းရောင် ထွက်လာသောအခါ ကမ္ဘာ့ပညာရှင်ပေါင်း များစွာတို့က ချီးကျူးကြသည်။ ထိုပညာရှင်များအနက် အိန္ဒိယအမျိုးသား ဖခင်ကြီး မဟာတ္တမဂန္ဒီက–

"... ကျွန်ုပ်သည် အာရှ၏အလင်းရောင် ကို ဘဂဝတ်ဂီတာ ထက်ပင် စိတ်ဝင်စားပြီး ဖတ်မိသည်။ စပြီး ဖတ်လိုက်သည်နှင့် တစ်ပြိုင်နက်

mgyoe.com

mgyoe.com

လက်ထဲကမချနိုင်တော့ပေ...” ဟူ၍လည်းကောင်း။

“ဗုဒ္ဓဝင်သည် သူငယ်ဘဝကပင် ကျွန်ုပ်ကို စွဲလမ်းစေခဲ့သည်။ အက်ဒွင်အာနိုး၏ **အာရှ၏အလင်းရောင်** သည် ကျွန်ုပ် အနှစ်သက်ဆုံး စာအုပ်များအနက် တစ်အုပ်ဖြစ်လာသည်။” ဟူ၍လည်းကောင်း။

စာအုပ်ဝေဖန်ရေးဆရာကြီး အိုလစ်ဗာဗိုင်းဒဲလ်ဟုမ်းက–

“**အာရှ၏အလင်းရောင်** သည် အလွန်တရာလှပသော အဖွဲ့အနွဲ့ ဖြစ်သည်။ ယင်းအဖွဲ့သည် မည်သည့်အခါမျှ ငြီးငွေ့မသွားရသော အလွန်တရာ စိတ်ပါဝင်စားဖွယ် အတ္ထုပ္ပတ္တိကို ပြောပြသည်။ ကဗျာဆရာ မျက်လုံးရှိသည့် ပညာရှင်တစ်ဦး၏ လက်ဖြင့်ခြယ်မှုန်းထားသည့် လက်ရာဖြစ်သည်။ ယင်း၏စကားအနေအထားမှာ အလွန် အဆင့်အတန်းမြင့်သည့်အတွက် **ခမ္မသစ်မှတစ်ပါး** အခြားနှိုင်းခိုင်းစရာ မရှိပေ။ ယင်းအဖွဲ့သည် ရသစုံလှသည်။ သရုပ်ပေါ်သည်။ အာနိုးသည် ဒဿနဗေဒပညာရှင်တစ်ဦးလည်း ဖြစ်သည်။ စစ်မှန်သော တေးသီသူတစ်ဦးလည်း ဖြစ်သည်...” ဟူ၍လည်းကောင်း။

လန်ဒန် ‘တိုင်း’ သတင်းစာကြီးက –

“အက်ဒွင်အာနိုး၏ **အာရှ၏အလင်းရောင်** ကဗျာအဖွဲ့သည် ဗုဒ္ဓဝင်နှင့် ပတ်သက်၍ ဥရောပတွင် ပေါ်ခေါင့်ပေါ်ခဲ ပေါ်လာခဲ့သော ကဗျာအဖွဲ့အနွဲ့ဖြစ်သည်...” ဟူ၍လည်းကောင်း အသီးသီးထုတ်ဖော်ချီးကျူးကြသည်။

ယင်းသို့ချီးကျူးသူများက ချီးကျူးကြသော်လည်း ဝေဖန်သူများနှင့်လည်း မကင်းပေ။ အချို့ အရှေ့တိုင်းပညာရှင်များက အာနိုးသည် သူ၏ **အာရှ၏အလင်းရောင်၌** ဗုဒ္ဓ၏တရားဒေသနာကို အတိအကျ မဖော်ပြနိုင်ဟု ဝေဖန်ကြသည်။ တစ်ဖက်ကလည်း ခရစ်ယာန်အချို့က ခရစ်တော်နှင့် ဗုဒ္ဓကိုနှိုင်းရမလားဟု အပြစ်တင်ကြသည်။ ထိုအကြောင်းကြောင့်လေလားမသိ၊ အာနိုးသည် ၁၈၉၁ ခုနှစ်တွင် The light of the world (ကမ္ဘာ၏အလင်းရောင်) အမည်ရှိ ကဗျာကျမ်းတစ်ခုကို ရေးသားဖွဲ့ဆိုသည်။ **အာရှ၏အလင်းရောင်၌** ဗုဒ္ဓအကြောင်းကို ဖွဲ့နွဲ့ထားသကဲ့သို့ **ကမ္ဘာ၏ အလင်း**

mgyoe.com

mgyoe.com

ရောင်၌ ခရစ်တော်၏အကြောင်းကို ဖွဲ့နွဲ့ထားသည်။ သို့ရာတွင် ကမ္ဘာ၏ အလင်းရောင် သည် အာရှ၏အလင်းရောင်ကဲ့သို့ အောင်မြင်မှု မရရှိပေ။

အက်ဒွင်အာနိုးသည် အာရှ၏အလင်းရောင် ဖြင့်သာလျှင် ဗုဒ္ဓဘာသာလောကကို အကျိုးပြုသွားသည်မဟုတ်။ ဗုဒ္ဓဘာသာလောက အတွက် သူ၏အခြားအကျိုးပြုချက်များလည်း ရှိသေးသည်။ ဥပမာ ထုတ်ပြရမည်ဆိုလျှင် အိန္ဒိယတွင် နေစဉ်က သူ ဗုဒ္ဓဂယာ ရောက်ရှိသွားသည်။ ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်မှာ ဗုဒ္ဓဘာသာဝင်တို့၏ လက်ထဲတွင် မရှိဘဲ မဆိုင်သူ ဘာသာခြားတို့၏ လက်ထဲရောက်နေသည်။ စေတီတော်၏အခြေအနေမှာလည်း ယိုယွင်းနေသည်။

ထိုအခြင်းအရာကို တွေ့မြင်ရသည်ဖြစ်၍ အာနိုးသည် အိန္ဒိယ အစိုးရကို လည်းကောင်း၊ ဗြိတိသျှအစိုးရကိုလည်းကောင်း ဗုဒ္ဓဂယာစေတီတော်ကို ဗုဒ္ဓဘာသာဝင်များ၏လက်ထဲ ပြန်အပ်ရန် တိုက်တွန်းခဲ့သည်။ သို့သော် အိန္ဒိယအစိုးရက လည်းကောင်း၊ ဗြိတိသျှအစိုးရက လည်းကောင်း သူ၏ တိုက်တွန်းချက်ကို အမှုမထားခဲ့ကြပေ။

လန်ဒန် ဒေလီတယ်လီဂရပ် သတင်းစာတွင် အယ်ဒီတာအဖြစ် အမှုထမ်းသောအခါ အာနိုးသည် ထိုအကြောင်းကို သတင်းစာထဲတွင် ဆောင်းပါးများ ရေးသားပြီး ကမ္ဘာ့ဗုဒ္ဓဘာသာဝင်များအား မဟာဗောဓိစေတီ ပြန်လည်ရရှိရေးအတွက် ကြိုးစားအားထုတ်ကြရန် လှုံ့ဆော်ခဲ့သည်။ မဟာဗောဓိစေတီ ဗုဒ္ဓဘာသာဝင်တို့၏ လက်ထဲပြန်ရောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့သော သူရဲကောင်းကြီး အနာဂါရိကဓမ္မပါလမှာ အာနိုး စတင် လုပ်ဆောင်ချက်ကြောင့် စိတ်ဓာတ်တက်ကြွလာပြီး ထိုတိုက်ပွဲကို ခေါင်းဆောင်ခြင်းဖြစ်သည်။

အက်ဒွင်အာနိုးသည် ၁၉၀၃ ခုနှစ်လောက်က မြန်မာပြည်တွင် တည်ထောင်သည့် ဗုဒ္ဓသာသန သမာဂမ ခေါ် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ အသင်းကြီးတွင်လည်း ဂုဏ်ထူးဆောင်အသင်းသားဖြစ်သည်။ ထိုအသင်းကြီး၏ နာယကမှာ တောင်ခွင်သာသနာပိုင် ဆရာတော် ဦးဝိသုဒ္ဓစာရဖြစ်၏။ ဥက္ကဋ္ဌမှာ ဦးဝိစိတ္တဖြစ်၏။ ဒါရိုက်တာကား ဂျာမန် ရဟန်းတော်

mgyoe.com

mgyoe.com

ဘိက္ခု အာနန္ဒာမေတ္တေယျဖြစ်၏။ ယင်းအသင်းကြီးမှ အင်္ဂလိပ်ဘာသာဖြင့် Buddhism အမည်ရှိ စာစောင်ကို လေးလတစ်ကြိမ် ထုတ်ဝေသည်။ ၁၉၀၄ ခု နိုဝင်ဘာလ၌ ထုတ်ဝေသော စာစောင်၌ အက်ဒွင်အာနိုး ကွယ်လွန်သွားသည့်အတွက် အထိမ်းအမှတ်အနေဖြင့် အာနိုးအကြောင်း ဆောင်းပါးတစ်ပုဒ် ပါရှိသည်။ ထိုဆောင်းပါး၌ 'အာနိုးသည် ဗုဒ္ဓဘာသာဝင် ဖြစ်၏။ သူ့ကိုယ်သူ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များဟု အမြဲရေးလေ့ရှိ၏ ' ဟု ဖော်ပြထားသည်။

အက်ဒွင်အာနိုးသည် ဂျပန်ပြည်တွင်လည်း နှစ်အတန်ကြာမျှ သွားနေလိုက်သေးသည်။ သူ၏ တတိယဇနီးမှာ ဂျပန်အမျိုးသမီးဖြစ်သည်။ သူ၏ ပင်လယ်နှင့်မြေပြင်[၁] (၁၈၉၁) ၌ လည်းကောင်း၊ ဂျာပိုနီကာ[၂] (၁၈၉၂) ၌ လည်းကောင်း ဂျပန်လူမျိုး တို့၏ ဘဝအကြောင်းကို စိတ်ဝင်စားဖွယ် ရေးသားထားသည်။

အာနိုးသည် ၁၈၈၈ ခုနှစ်တွင် ကေ–စီ–အိုင်–အီး ဘွဲ့ရရှိသည်။ ၁၉၀၄ ခု မတ်လ ၂၄ ရက်နေ့၌ ကွယ်လွန်သွားသည်။

ယနေ့ လူ့လောကတွင် သူ မရှိတော့။ သို့ရာတွင် သူ့နာမည်ကား မသေသေးပေ။ သူ့စာ၊ သူ့ကဗျာသည် သူ့နာမည်အား နောင်အခွန့်ရှည်စွာပင် အသက်ရှင်နေစေပေလိမ့်ဦးမည်။

❑

၁။ Seas and Lands ၂။ Japonica

mgyoe.com

mgyoe.com

ပိုလ်မှူးကြီး အောလကော့
[၁၈၃၂-၁၉၀၇]

၁၈၇၃ ခုနှစ်သည် သီရိလင်္ကာ သာသနာ့သမိုင်း၌ ထူးခြားသောနှစ်ဟု ဆိုရပေလိမ့်မည်။ ထိုနှစ်ကား သီရိလင်္ကာ၌ နယ်ချဲ့နှင့်အတူ ပါလာသည့် ခရစ်ယာန်ဘာသာနှင့် အိမ်ခံဗုဒ္ဓဘာသာတို့ ဝါဒပြိုင်ပွဲကြီး ပြုလုပ်သောနှစ်ဖြစ်သည်။ ယင်း ဝါဒပြိုင်ပွဲ၌ သီရိလင်္ကာဘုန်းတော်ကြီး ဂုဏာနန္ဒ ဦးဆောင်သော ဗုဒ္ဓဘာသာဘက်မှ အောင်ပွဲရရှိသွားသည်။ ဝါဒပြိုင်ပွဲမှာ ကြီးကျယ်လှသဖြင့် ပြည်ပဗုဒ္ဓဘာသာလောကသို့အထိ ဂယက်ရိုက်သွားသည်။ ယင်း ဝါဒပြိုင်ပွဲကြီးဖြစ်ပွားပြီးနောက် ၂ နှစ်ခန့်အကြာတွင် သီရိလင်္ကာဘုန်းကြီး ဂုဏာနန္ဒထံသို့ အမေရိကန်ပြည်မှ စာတစ်စောင်ရောက်လာသည်။ စာပေးသူမှာ နယူးယောက်မြို့၌ သီယိုဆိုဖီအသင်း တည်ထောင်သူ အမေရိကန်လူမျိုး ဗိုလ်မှူးကြီး ဟင်နရီစတီးလ်အောလကော့ ဖြစ်၏။ အောလကော့က သူ၏ပေးစာထဲတွင် ဝါဒပြိုင်ပွဲ၌ ဗုဒ္ဓဘာသာဘက်က အနိုင်ရသွားသည့်အတွက် ဂုဏ်ယူကြောင်း ဖော်ပြထားသည်။ ထိုအချိန်မှအစပြု၍ အောလကော့နှင့် သီရိလင်္ကာ ဗုဒ္ဓဘာသာခေါင်းဆောင်များ စာပေးစာယူ ဆက်သွယ်

mgyoe.com

mgyoe.com

မှ ရရှိသွားပြီး သီရိလင်္ကာဗုဒ္ဓဘာသာဝင်တို့သည်လည်း အောလကော့၏ အမည်နာမကို သိကျွမ်းလာခဲ့ကြသည်။

၁၈၇၉ ခုနှစ်တွင် အောလကော့သည် အိန္ဒိယပြည် ဘုံဘေမြို့သို့ ရောက်ရှိလာသည်။ ဘုံဘေမြို့တွင် ဗုဒ္ဓဘာသာ ပြန့်ပွားထွန်းကားရေးကို အထိုက်အလျောက် ဆောင်ရွက်ပြီးသောအခါ အောလကော့သည် ၁၈၈၀ ခုနှစ်၌ သီရိလင်္ကာသို့ ရောက်လာသည်။ အောလကော့ ရောက်လာခြင်းသည် ယခင် အနောက်တိုင်းသားများကဲ့သို့ နယ်ချဲ့စိတ်ဓာတ်ဖြင့် ရောက်လာခြင်းမျိုးလည်း မဟုတ်။ စိုးမိုးသူ လူမျိုးတစ်ဦးအနေဖြင့် ရောက်လာခြင်းမျိုးလည်း မဟုတ်၊ သီရိလင်္ကာနိုင်ငံသူ နိုင်ငံသားတို့၏ အမျိုးသား ယဉ်ကျေးမှုနှင့် မိရိုးဖလာ ဗုဒ္ဓဘာသာကို ဖိနှိပ်ချုပ်ချယ်ရန် ရည်ရွယ်ချက်ဖြင့် ရောက်လာခြင်းမျိုးလည်းမဟုတ်။ ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေးကို ကူညီအားပေးရန် တကယ့်တကယ် မိတ်ရင်းဆွေရင်း စိတ်ဖြင့် ရောက်လာခြင်းဖြစ်သောကြောင့် သီရိလင်္ကာနိုင်ငံသူ နိုင်ငံသားတို့က တစ်ခဲနက် ဧည့်ခံကြိုဆိုကြသည်။

သီရိလင်္ကာနိုင်ငံသို့ အောလကော့ ရောက်လာခြင်းသည် သီရိလင်္ကာ ဗုဒ္ဓသာသနာသမိုင်းတွင် ခေတ်တစ်ခေတ် အစပျိုးခြင်းပင်ဖြစ်သည်။ အောလကော့သည် အိန္ဒိယနှင့်သီရိလင်္ကာတွင် ကူးချည်သန်းချည်လုပ်လျက် ဗုဒ္ဓသာသနာပြန့်ပွားထွန်းကားရေးကို မနေမနားဆောင်ရွက်သည်။ သီရိလင်္ကာနိုင်ငံ၌ ကားတစ်စီးဖြင့် နေရာအနှံ့ ဒေသအနှံ့သွားပြီး တရားဓမ္မဟောပြောခြင်း၊ လူထုအကျိုးကို သယ်ပိုးဆောင်ရွက်ခြင်းများကို ပြုလုပ်သည်။ သူ နယ်လှည့်ထွက်သည့်ကားမှာ နှစ်ထပ်ကားဖြစ်သည်။ ရောက်ရာအရပ်၌ ညအိပ်သည်။ ညအိပ်သောအခါ ကားအပေါ်ထပ်တွင်ပင် အိပ်သည်။ ထိုစဉ်က လုလင်အရွယ်မျှသာရှိသေးသော နောင်သောအခါတွင် ကမ္ဘာ့ဗုဒ္ဓဘာသာလောက၌ ထင်ပေါ်ကျော်ကြားလာသည့် ကမ္ဘာ့ဗုဒ္ဓဘာသာခေါင်းဆောင် အနာဂါရိကဓမ္မပါလမှာ ထိုအချိန်က အောလကော့၏ စကားပြန်အဖြစ်နှင့် သွားလေရာသို့လိုက်ပါသွားသည်။ အောလကော့၏ အဆုံးအမ ဩဝါဒကိုနာယူသည်။ သီရိလင်္ကာလူထုကလည်း အောလကော့ကို

mgyoe.com

mgyoe.com

ရောက်လေရာ၌ ကြိုဆိုကြသည်။ အောလကော့ ဟောပြောသည့် တရားကို လေးလေးစားစား နာယူကြသည်။ သီရိလင်္ကာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး များကလည်း အောလကော့ကို လိုလားကြသည်။

အောလကော့သည် သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ၌ ၁၉ ရာစုကုန် ခါနီး ကာလတွင် ဗုဒ္ဓဘာဘာ ပြန်လည်ထွန်းကားရေးအတွက် ပြုလုပ် ဆောင်ရွက်သည့် လှုပ်ရှားမှုများတွင် ရှေ့တန်းမှဦးဆောင်ပါဝင်ခဲ့သည်။ ယင်းလှုပ်ရှားမှုများအနက် Buddhist Theosophical Society ကို တည်ထောင်ဖွဲ့စည်းခြင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

အောလကော့၏ ဦးဆောင်မှုအောက်တွင် အင်အားတောင့်တင်းလာ သည့်အခါ သီရိလင်္ကာ ဗုဒ္ဓဘာသာဝင် လူထုသည် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့အဖြစ် သတ်မှတ်ကြေညာပေးရန် သီရိလင်္ကာ ကိုလိုနီအစိုးရအား အပြင်းအထန် တောင်းဆိုခဲ့ကြသည်။ သံဃာ့အား ဘုရားမခံနိုင်ဖြစ်ပြီး သီရိ လင်္ကာအစိုးရသည် ၁၈၈၅ ခုနှစ်တွင် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့အဖြစ် ဥပဒေ ပြဋ္ဌာန်းပြီး တရားဝင် ကြေညာရသည့်အထိ ဖြစ်လာခဲ့သည်။

အောလကော့၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ကြားသိရသည် ဖြစ်၍ ဂျပန် ဗုဒ္ဓဘာသာဝင်များက အောလကော့အား ဂျပန်သို့လာပြီး ဘာသာရေးတရားများကို ဟောကြားရန်ဖိတ်မန္တကပြုသည်။ ၁၈၈၉ ခုနှစ် တွင် အောလကော့ ဂျပန်ပြည်သွားသည်။ လုလင် အနာဂါရိက ဓမ္မပါလ ကိုပင် အဖော်အဖြစ် ခေါ်သွားသည်။ ထိုစဉ်က သီရိလင်္ကာနိုင်ငံမှ နာမည် ကျော် ဆရာတော် သုမင်္ဂလကသက္ကတဘာသာဖြင့် ရေးထားသည့် သဝဏ် လွှာတစ်စောင်ကို ဂျပန်ဗုဒ္ဓဘာသာခေါင်းဆောင် ဆရာတော်ကြီးများထံ ဆက်သရန် အောလကော့နှင့်အတူ ပါးလိုက်သည်။ ယင်းသဝဏ်လွှာသည် ရာစုနှစ်များစွာအတွင်း တောင်ပိုင်းဗုဒ္ဓဘာသာနှင့် မြောက်ပိုင်းဗုဒ္ဓ ဘာသာတို့ အဆက်အသွယ်ပြုခြင်း၏ အမှတ်သင်္ကေတတစ်ခုပင် ဖြစ်သည်။ အောလ ကော့နှင့် အနာဂါရိကဓမ္မပါလတို့သည် ဂျပန်ပြည်သွားပြီး ဘာသာရေးတရား များကို ဟောပြောကြသည်။ ဂျပန်ပြည် မြို့ကြီးများ၌ ဂျပန်ဗုဒ္ဓဘာသာ ခေါင်းဆောင်တို့နှင့် တွေ့ဆုံကြသည်။ အောလကော့တို့၏ ဂျပန်ခရီးသည်

mgyoe.com

mgyoe.com

ဂျပန် မဟာယာနဗုဒ္ဓဘာသာနှင့် သီဟိုဠ်ထေရဝါဒ ဗုဒ္ဓဘာသာတို့အား တရင်းတနှီး ဆက်သွယ်မှုဖြစ်စေခဲ့သည်။

ယနေ့ ဗုဒ္ဓဘာသာ တိုင်းပြည်များက လက်ခံသုံးစွဲနေကြသည့် ဗုဒ္ဓဘာသာ အလံတော်ကို စတင်တီထွင်သူမှာ အောလကော့ပင်ဖြစ်သည်။ ၁၈၈၅ ခုနှစ်တွင် သီဟိုဠ်အစိုးရက ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့အဖြစ် တရားဝင် သတ်မှတ်ကြေညာလိုက်သောအခါ ဗုဒ္ဓနေ့ကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပဖို့ စီစဉ်ကြသည်။ ကိုလံဘိုမြို့သူ မြို့သားတို့သည် ယင်းအခမ်းအနား၌ လွှင့်ထူရန်အတွက် ဗုဒ္ဓဘာသာအလံတော်တစ်ခု တီထွင်ပြုလုပ်ဖို့ စဉ်းစားကြသည်။ ထိုအခါ အောလကော့က ဗုဒ္ဓ၏ ရောင်ခြည်တော် ခြောက်မျိုးကိုယူ၍ အပြာ(နီလ)၊ အဝါ(ပီတ)၊ အနီ(လောဟိတ)၊ အဖြူ(ဩဒါတ)၊ နီမောင်းသောအရောင်(မဉ္ဇိဋ္ဌ)၊ ယင်းအရောင်ငါးမျိုးကို စပ်ထားသည့် အရောင် (ပဘဿရ) တည်းဟူသော အရောင်ခြောက်မျိုးရှိသည့် ခြောက်ရောင်ခြယ်အလံကို ဗုဒ္ဓဘာသာအလံတော်အဖြစ် သတ်မှတ်ရန် အကြံပေးသည်။ ယင်းအကြံပေးချက်ကို လက်ခံပြီး သီဟိုဠ်နိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များက ခြောက်ရောင်ခြယ်အလံကို ဗုဒ္ဓဘာသာ အလံတော်အဖြစ် အသိအမှတ်ပြုလိုက်ကြသည်။

၁၉၅၀ခုနှစ်တွင် သီဟိုဠ် ဗုဒ္ဓဘာသာအဖွဲ့ကြီး၏ ဥက္ကဋ္ဌဒေါက်တာ မာလာဆေကာ၏ ကြိုးပမ်းချက်အရ သီဟိုဠ်နိုင်ငံ၌ ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံကြီးတစ်ခု ကျင်းပပြုလုပ်သည်။ ယင်းညီလာခံကြီး၌ သီဟိုဠ် ဗုဒ္ဓဘာသာဝင်များ၏ အဆိုပြုချက်အရ အောလကော့ တီထွင်ခဲ့သည့် အလံကို ကမ္ဘာ့ဗုဒ္ဓဘာသာ အလံတော်အဖြစ် ကမ္ဘာ့ဗုဒ္ဓဘာသာဝင်များက အတည်ပြုလိုက်ကြသည်။ ထိုအချိန်မှစ၍ ယင်းခြောက်ရောင်ခြယ်အလံသည် ကမ္ဘာ့ဗုဒ္ဓဘာသာ အလံတော် ဖြစ်လာသည်။

အောလကော့သည် ဗုဒ္ဓဘာသာပုစ္ဆာ ဝိသဇ္ဇနာ[၁] အမည်ရှိ စာအုပ်တစ်အုပ် ရေးသားသည်။ ယင်းစာအုပ်မှာ အကြိမ်ပေါင်း လေးဆယ်ကျော်မျှ

၁။ The Buddhist Catechism; Henry S. Olcott

mgyoe.com

mgyoe.com

ရိုက်နှိပ်ထုတ်ဝေရပြီး ဘာသာပေါင်း နှစ်ဆယ်ကျော်ဖြင့် ဘာသာပြန်ဆိုရသည်။ ယင်းစာအုပ်ကို သီဟိုဠ်နိုင်ငံရှိ ဗုဒ္ဓဘာသာကျောင်းများတွင် ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခဲ့သည်။ အောလကော့သည် တောင်ပိုင်းဗုဒ္ဓဘာသာနှင့် မြောက်ပိုင်းဗုဒ္ဓဘာသာ ဂိုဏ်းနှစ်ဂိုဏ်းကို ပေါင်းစည်းဆက်စပ်ပေးရန် ဆန္ဒရှိခဲ့သည်။ ယင်းဆန္ဒဖြင့် မဟာယာနနှင့် ထေရဝါဒ နှစ်ဂိုဏ်းလုံးက လက်ခံနိုင်သည့် ဗုဒ္ဓဘာသာအခြေခံအချက် ၁၄ ချက်ကို မဟာယာနနှင့် ထေရဝါဒ နှစ်ဂိုဏ်းလုံးမှ ဆရာတော်များအား တင်ပြခဲ့သည်။ ယင်းအချက် ၁၄ ချက်ကို သူ၏ ဗုဒ္ဓဘာသာ ပုစ္ဆာ ဝိသဇ္ဇနာ စာအုပ်၌လည်း နောက် ဆက်တွဲအဖြစ် ထည့်သွင်းပုံနှိပ်ထားသည်။ ယင်းအချက်များကား ဤသို့ ဖြစ်၏။

(၁) လူအားလုံးအား အဆင့်အတန်း မခွဲခြားဘဲ သည်းခံစိတ်နှင့် မေတ္တာစိတ်ထားရန်၊ သတ္တဝါအားလုံးအား ကရုဏာစိတ်ထားရန် ဗုဒ္ဓဘာသာဝင်များအား ညွှန်ကြားထားသည်။

(၂) စကြဝဠာသည် တစ်စတစ်စ ဖြစ်ထွန်းတိုးတက်လာသည်။ တစ်စုံတစ်ဦးက ဖန်တီးတည်ဆောက်ခြင်း မဟုတ်။ စကြဝဠာသည် နိယာမတရားအတိုင်း ဖြစ်ပျက်သည်။

(၃) ဗုဒ္ဓဘာသာ အခြေခံထားသည့် အမှန်တရားများသည် သဘာဝကျသည့် တရားများဖြစ်သည်။ ယင်းအမှန်တရားများကို ကပ်ကမ္ဘာအဆက်ဆက် ဗုဒ္ဓများက ဟောကြားခဲ့ကြသည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။ ဗုဒ္ဓ ဟူသည်မှာ ဉာဏ်အလင်းရောင်ရရှိသူဖြစ်၏။

(၄) မျက်မှောက် ကပ်ကမ္ဘာ၌ စတုတ္ထမြောက် ဆရာအရှင်မှာ သကျမုနိ သို့မဟုတ် ဂေါတမဗုဒ္ဓဖြစ်သည်။ ဂေါတမဗုဒ္ဓသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ခန့်က အိန္ဒိယပြည်၌ နန်းသွေး နန်းနွယ် အိမ်ထောင်စု၌ ဖွားမြင်တော်မူသည်။ ဂေါတမဗုဒ္ဓသည် သမိုင်းအတွင်းမှ ပုဂ္ဂိုလ်ဖြစ်သည်။ အမည်ရင်းမှာ သိဒ္ဓတ္ထ ဂေါတမဟု ခေါ်သည်။

(၅) သကျမုနိက ဤသို့ဟောကြားခဲ့၏။ အဝိဇ္ဇာသည် တဏှာကိုဖြစ်ပေါ်စေ၏။ အလိုမပြည့်သည့် တဏှာသည် ဇာတိ၏ အကြောင်းဖြစ်သည်။ ဇာတိသည် ဒုက္ခ၏အကြောင်းဖြစ်သည်။ ထို့ကြောင့် ဒုက္ခမှ

mgyoe.com

mgyoe.com

ကင်းလွတ်ရန်အတွက် ဇာတိမှကင်းလွတ်ရန်လိုသည်။ ဇာတိမှ ကင်းလွတ်ရန်အတွက် တဏှာငြိမ်းဖို့ လိုသည်။ တဏှာငြိမ်းရန်အတွက် အဝိဇ္ဇာကို ပယ်သတ်ပစ်ဖို့ လိုသည်။

(၆) ဇာတိသည် လိုအပ်သည့်အရာဖြစ်၏ ဟူသော ယုံကြည်ချက်ကို အဝိဇ္ဇာက ဖြစ်ပေါ်စေသည်။ အဝိဇ္ဇာကို ပယ်သတ်ပြီးသည့်အခါ ဇာတိ၏ အနှစ်သာရမဲ့ပုံနှင့် ဘဝလမ်းကြောင်းတစ်ခုကို ရွေးရန် အရေးတကြီး လိုအပ်လာပုံကို သဘောပေါက်လာသည်။ ယင်းဘဝလမ်းကြောင်းကို ရွေးခြင်းအားဖြင့် အဖန်ဖန်အထပ်ထပ် ဇာတိပဋိသန္ဓေနေရခြင်းအတွက် လိုအပ်မှုသည် ပျက်စီးချုပ်ငြိမ်းသွားနိုင်သည်။ အဝိဇ္ဇာသည် လူအတွက် ဘဝတစ်ခုသာရှိသည်ဟူသော အထင်မှား အမြင်မှားကို လည်းကောင်း၊ ဤဘဝ၏နောက်၌ ပြောင်းလွဲ၍မရသည့် သုခနှင့်ဒုက္ခတို့ ဖြစ်ပေါ်လာမြဲဖြစ်၏ ဟူသော အထင်မှား အမြင်မှားကိုလည်းကောင်း ဖြစ်ပေါ်စေလေသည်။

(၇) သက္ကာယဒိဋ္ဌိကို ပယ်ခွာခြင်း၊ ဘာဝနာပွားများခြင်း၊ ပုဂ္ဂလိကသုခအတွက် လိုလားတောင့်တသော တဏှာကိုပယ်ခြင်းတို့ဖြင့်သာလျှင် ယင်းအဝိဇ္ဇာအားလုံးကို ဖယ်ရှားပစ်နိုင်သည်။

(၈) ဘဝကို တပ်မက်သော တဏှာသည် ဇာတိ၏အကြောင်းဖြစ်သည်။ ယင်းတဏှာချုပ်ငြိမ်းသွားသည့်အခါ ဇာတိလည်း ချုပ်ငြိမ်းသွားသည်။ တဏှာကင်းသည့် ပုဂ္ဂိုလ်သည် နိဗ္ဗာန်အမည်ရှိသည့် ငြိမ်းချမ်းမှု၏ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိသွားသည်။

(၉) "မြတ်သော သစ္စာတရား လေးပါးကို သိမြင်ခြင်းအားဖြင့် အဝိဇ္ဇာကို ဖျောက်ဖျက်နိုင်သည်။ ဒုက္ခကို ဖယ်ရှားနိုင်သည်" ဟု သကျမုနိက ဟောတော်မူသည်။ ယင်း သစ္စာတရားလေးပါးကား ၁၊ဒုက္ခ။ ၂၊ ဒုက္ခကိုဖြစ်ပေါ်စေသည့်အကြောင်း။ ၃၊ တဏှာကို ချုပ်ငြိမ်းစေခြင်း၊ ၄၊ တဏှာကိုချုပ်ငြိမ်းစေသည့် နည်းလမ်း။ ယင်းနည်းလမ်းကို မဂ္ဂင်ရှစ်ပါးဟု ခေါ်သည်။ သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ

mgyoe.com

mgyoe.com

တို့ဖြစ်ကြ၏။

(၁၀) သမ္မာသမာဓိသည် သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်စေသည်။

(၁၁) ဗုဒ္ဓဘာသာ၏ အနှစ်သာရသည် မကောင်းမှုကိုရှောင်ခြင်း၊ ကောင်းမှုကိုပြုခြင်း၊ စိတ်ကို စင်ကြယ်အောင်ထားခြင်းတို့ဖြစ်၏ဟု ဗုဒ္ဓကိုယ်တော်တိုင် ဟောထားတော်မူသည်။

(၁၂) စကြဝဠာသည် 'ကံ'အဖြစ် သိရှိနေကြသည့် သဘာဝနိယာမတရား၏ အလိုအတိုင်းဖြစ်သည်။ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်၏ အတိတ်ဘဝက ကောင်းမှုနှင့်မကောင်းမှုတို့သည် ထိုပုဂ္ဂိုလ်၏ ပစ္စုပ္ပန်ဘဝအခြေအနေကို သတ်မှတ်ပိုင်းခြားသည်။ ထို့ကြောင့် ပုဂ္ဂိုလ်တိုင်းသည် ယခု မျက်မှောက်တွင် သူတွေ့ကြုံနေရသည့် အကျိုး၏အကြောင်းကို သူကိုယ်တိုင် ဖန်တီးသည်။

(၁၃) ငါးပါးသီလကို ကျင့်သုံးဆောက်တည်ခြင်းအားဖြင့် ကုသိုလ်ကံရရှိရေး၏အနှောင့်အယှက် အဟန့်အတားများကို ဖယ်ရှားပစ်နိုင်သည်။ ယင်း ငါးပါးသီလကား သူ့အသက်ကိုမသတ်ခြင်း၊ သူ့ဥစ္စာကို မခိုးခြင်း၊ သူ့သားမယားကို မပြစ်မှားခြင်း၊ မုသားမပြောခြင်း၊ သေရည်သေရက် မသောက်ခြင်းတို့ဖြစ်၏။

ဤနေရာ၌ ဖော်ပြရန်မလိုသည့် အခြားသီလငါးပါးရှိသေးသည်။ ယင်းသီလငါးပါးကိုကား ဒုက္ခနှင့်ဇာတိမှ လွတ်မြောက်မှုကို ရိုးရိုးလူဒါယကာတို့ထက် ပိုပြီး လိုလားသူများအနေဖြင့် စောင့်ထိန်းသင့်သည်။

(၁၄) ဗုဒ္ဓဘာသာသည် ယုံကြည်စွဲလမ်းမှုများကို ဆန့်ကျင်လေသည်။ ဂေါတမဗုဒ္ဓသည် မိမိတို့၏သားသမီးများအား စာပေနှင့်အတတ်ပညာများ သင်ကြားပေးရန်သည် မိဘတို့၏ တာဝန်ဝတ္တရားဖြစ်၏ဟု ဟောကြားတော်မူသည်။ အကယ်၍ ယုတ္တိကင်းမဲ့ပါက သူတော်စင်တစ်ဦးဦးက ဟောကြားသည့်အတွက်ကြောင့်သော် လည်းကောင်း၊ ကျမ်းဂန်တစ်ခုခုတွင် ရေးသားထားသည့်အတွက်ကြောင့်သော် လည်းကောင်း၊ မိရိုးဖလာ ယူဆလာခဲ့သည့် အတွက်ကြောင့်

mgyoe.com

mgyoe.com

သော် လည်းကောင်း ယုံကြည်မှုမရှိကြရန်လည်း ဟောကြားတော်မူသည်။

ယင်းဗုဒ္ဓဘာသာအခြေခံအချက် ၁၄ ချက်ကို ၁၈၉၁ ခုနှစ် ဇန်နဝါရီလ၌ အိန္ဒိယပြည် မဒရပ်မြို့ အဒယာတွင် ကျင်းပပြုလုပ်သော ဗုဒ္ဓဘာသာ ကွန်ဖရင့်၌ တင်ပြရာ သီဟိုဠ်၊ အိန္ဒိယ၊ မြန်မာ၊ ဂျပန် စသော ဗုဒ္ဓဘာသာနိုင်ငံများမှ ကိုယ်စားလှယ်များက လက်ခံအတည်ပြုကြသည်။ သီဟိုဠ်မှ ဆရာတော် ၆ ပါး၊ စစ်တကောင်းမှ ဆရာတော် ၂ ပါး၊ ဂျပန်ဗုဒ္ဓဘာသာဘုန်းကြီး ၈ ပါး၊ မြန်မာပြည်မှ ဆရာတော် ၇ ပါး၊ ယင်းဆရာတော်များ၏ကိုယ်စား ကွန်ဖရင့်သို့ တက်ရောက်ကြသည့် သက်ဆိုင်ရာနိုင်ငံမှ ကိုယ်စားလှယ်များက အောလကော့ တင်ပြသည့်အချက် ၁၄ ချက်ကို ဗုဒ္ဓဘာသာဝင်အားလုံး တညီတညွတ်တည်း လက်ခံနိုင်သည့်တရားအဖြစ် သဘောတူလက်မှတ်ရေးထိုးကြသည်။

မြန်မာနိုင်ငံမှ သဘောတူကြောင်း ဆန္ဒပေးကြသည့် ဆရာတော်များကား သာသနာပိုင်ဆရာတော်၊ အောင်မြေ ရွှေဘုံဆရာတော်၊ မေဃဝတီဆရာတော်၊ မဏ္ဍယာဆရာတော်၊ ထီးလင်းဆရာတော်၊ မြတောင်ဆရာတော်၊ လှထွေဆရာတော်နှင့် အခြားဆရာတော် ၁၆ ပါးတို့ဖြစ်ကြသည်။ မွန်ဂိုလီယားမှ ဗုဒ္ဓဘာသာလာမဘုန်းတော်ကြီးများကလည်း ယင်းအခြေခံအချက် ၁၄ ချက်အနက် ဂေါတမဗုဒ္ဓ ဖွားမြင်သည့် သက္ကရာဇ်မှလွဲ၍ အခြားအချက်အားလုံးကို သဘောတူကြောင်း ရှရှားပညာရှင် အောချ်ထွန်စကီထံမှတစ်ဆင့် သိရသည်ဟု အောလကော့က သူ၏ ဗုဒ္ဓဘာသာ ပုစ္ဆာ ဝိသဇ္ဇနာ နောက်ဆက်တွဲတွင် ရေးသားဖော်ပြထားသည်။

အရှေ့တိုင်းတွင် ဗုဒ္ဓဘာသာ စည်ပင်ပြန့်ပွားရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်နေသူ အောလကော့အား မြန်မာနိုင်ငံကလည်း ဖိတ်လေသည်။ အောလကော့သည် မြန်မာနိုင်ငံသို့ နှစ်ကြိမ်လာရောက်သည်။ ပထမတစ်ကြိမ်တွင် သီပေါမင်းက ပင့်ဖိတ်သည်ဖြစ်၍ လာခြင်းဖြစ်သည်။ ၁၈၈၅ ခုနှစ်၌ လာရောက်သော ယင်းပထမအကြိမ်တွင် ရန်ကုန်မြို့၌ သီယိုဆိုဖီအသင်းဌာနခွဲသုံးခုကို ဖွင့်လှစ်သွားခဲ့သည်။ သီပေါမင်းက ပင့်ဖိတ်၍

mgyoe.com

mgyoe.com

လာခြင်းဖြစ်သော်လည်း ရန်ကုန်ရောက်သောအခါ သီပေါမင်းကို စိတ်ဝင်စားမှုနည်းသွားပြီး မန္တလေး သီပေါမင်းထံ မသွားတော့ပေ။ ၁၈၉၁ ခုနှစ်တွင် ဒုတိယအကြိမ်ကြွရောက်လာသည်။

မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များသည် နိုင်ငံခြား၌ ဗုဒ္ဓဘာသာ ပြန့်ပွားရေးကို ဆောင်ရွက်ရန်အတွက် ရန်ပုံငွေတစ်သိန်း စုဆောင်းထားကြသည်။ နိုင်ငံခြားသာသနာပြုရေးတွင် အောလကော့ထံမှအကူအညီ ရယူလိုသည်ဖြစ်၍ မြန်မာဗုဒ္ဓဘာသာဝင်တို့သည် ကိုယ်စားလှယ်တစ်ဦး စေလွှတ်ကာ အောလကော့ကို မြန်မာနိုင်ငံသို့ ဖိတ်လေသည်။ ဒုတိယအကြိမ် လာခြင်းမှာ ယင်းကိစ္စအတွက်လာခြင်းဖြစ်သည်။

အမေရိကန် ပြည်တွင်းစစ် (၁၈၆၁–၁၈၆၅) စောစောပိုင်းတွင် အမေရိကန်ပြည်ထောင်စု တပ်မတော်၌ ဗိုလ်မှူးကြီးတစ်ဦးအဖြစ် အမှုထမ်းခဲ့သော အောလကော့သည် ၁၉ ရာစုနှစ် နောက်ပိုင်းလောက်တွင် အာရှနိုင်ငံများ၌ ဗုဒ္ဓဘာသာခေါင်းဆောင်တစ်ဦးအဖြစ် ထင်ပေါ်ကျော်ကြားလာခဲ့သည်။ အောလကော့သည် ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေးသာမကဘဲ အခြားလူမှုရေးလုပ်ငန်းများကိုလည်း အများအပြားလုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် သူ၏ဆောင်ရွက်ချက်များကို အရှေ့တိုင်းဗုဒ္ဓဘာသာဝင်များသည် ယနေ့ထက်တိုင် သတိရနေတုန်းပင် ရှိသေးသည်။

သီဟိုဠ်နိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များနှင့် ဝါရှင်တန်မြို့ရှိ ဗုဒ္ဓဘာသာဝင်များသည် ဖေဖော်ဝါရီလ ၁၇ ရက်နေ့သို့ ရောက်သည့်အခါတိုင်း ဗိုလ်မှူးကြီးအောလကော့ကို တသဂုဏ်ပြုသည့် အထိမ်းအမှတ်ပွဲကို ကျင်းပပြုလုပ်လေ့ရှိကြ၏။ ၁၉၆၉ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ဗုဒ္ဓဝိဟာရအသင်းမှ ကြီးမှူး၍ ဝါရှင်တန်မြို့ရှိ ဗုဒ္ဓဘာသာဝင်များသည် ဝါရှင်တန်ဗုဒ္ဓဝိဟာရ၌ အောလကော့ ကွယ်လွန်သည့် ၆၂ နှစ်မြောက် အထိမ်းအမှတ်ပွဲကျင်းပပြုလုပ်ကြ၏။ ထိုအထိမ်းအမှတ်ပွဲသို့ တက္ကသိုလ် ပါမောက္ခများနှင့် ဗုဒ္ဓဘာသာနိုင်ငံများမှ သံတမန်များလည်း ကြွရောက်ကြ၏။ ထိုအထိမ်းအမှတ်ပွဲ၌ မိန့်ခွန်းပြောကြားသူများအနက် ဝါရှင်တန်ရှိ အိန္ဒိယသံရုံးမှ

mgyoe.com

 mgyoe.com

ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ သံမှူးရာဂျာရာမန်က "ဗိုလ်မှူးကြီး အောလကော့သည် အမှန်တရားနှင့် ဘာသာသာသနာ ထွန်းကားရေး အတွက် တစ်ခေတ်တွင် တစ်ခါသာ ပေါ်လာတတ်သည့် ပုဂ္ဂိုလ်မျိုးဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးသည် လူသားတို့ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှု ရရှိရေး အတွက် ကမ္ဘာ့သံတမန်ကြီးနှင့်ပမာတူလှသည်။ ထိုပုဂ္ဂိုလ်မျိုးမှာ မည်သည့် နိုင်ငံကိုမှကိုယ်စားမပြုဘဲ ကမ္ဘာကိုသာ ကိုယ်စားပြုသည်။ ... အောလကော့ သည် ဘာသာတရားတစ်ခုနှင့်တစ်ခု နားလည်မှုရရှိရေးအတွက် ဆောင်ရွက် ရာ၌ ထင်ရှားကျော်ကြားသည့် ကမ္ဘာ့ခေါင်းဆောင်ကြီးငါးဦးထဲတွင် တစ်ဦး အပါအဝင်ဖြစ်သည်"... စသည်ဖြင့် ထုတ်ဖော်မိန့်ကြားသွားလေသည်။

❑

mgyoe.com

mgyoe.com

ဘီဂန်ဒက်နှင့် အောလကော့
ဘီဂန်ဒက် [၁၈၁၃-၁၈၉၄]

၁၉၇၆ခု၊ ဖေဖော်ဝါရီလ ၁ ရက်နေ့။

နံနက်ခင်းနေရောင်ခြည် တောက်ပနေသည်။ ထိုနေ့ နံနက်ခင်းတွင် သူတို့၏မျက်နှာများလည်း ခါတိုင်းနှင့်မတူဘဲ နေရောင်ခြည်နှင့်အတူ ဝင်းလက်တောက်ပနေကြသည်။ သူတို့သည် အစဉ်ထာဝရ စိတ်မချမ်းမသာ ဖြစ်နေကြရသူများဖြစ်၍ သူတို့၏မျက်နှာသည် ကြည်လင်ရွှင်ပြုံးမှုနှင့် ထာဝစဉ် ဝေးကွာနေကြရသူများဖြစ်သည်။

သူတို့သည် ထောက်ကြန့် အနာကြီးအထူးကု ဆေးရုံမှ ကိုယ်ရေပြားရောဂါသည်များဖြစ်သည်။ ထိုနေ့ကမူ သူတို့သည် မိမိတို့၏ ရောဂါဝေဒနာကို တစ်ခဏတာမျှမေ့ပြီး ဝမ်းသာပျော်မြူးနေကြသည်။ ဆေးရုံတွင်းမှ သူတို့၏ အိုးစည်သံသည် သူတို့၏ တဒင်္ဂပျော်မြူးနေမှုကို ဖော်ကျူးနေသည်။ တာလမ်းမကြီးပေါ်မှ မော်တော်ကားမောင်းရင်း ဖွင့်သွားသော ကက်ဆက်မှ မာမာအေး၏ 'မေ့ကွက်ကိုရှာ' သီချင်းသံသည်ပင် သူတို့၏ အိုးစည်သံကို လွှမ်းမသွားနိုင်ပေ။

ထိုနေ့ကား အနာကြီးအထူးကုဆေးရုံတွင် ဆေးကုနေကြသည့် ရဟန်းသံဃာ ကိုယ်ရေပြားရောဂါသည်များ သီးသန့် သီတင်းသုံးနေထိုင်ရန်အတွက် ဆောက်မည့် ကျောင်းဆောင် အုတ်မြစ်ချအခမ်းအနား ကျင်းပသည့်နေ့ ဖြစ်သည်။ အခမ်းအနားမှာ ကြီးကြီးကျယ်ကျယ်မဟုတ်။ ရန်ကုန်မှ

mgyoe.com

mgyoe.com

သွား သူအချို့နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆေးရုံမှ ဝေဒနာရှင်များသာ တက်ရောက်သည့် အခမ်းအနားဖြစ်သည်။ အနာကြီး အထူးကုဆေးရုံ၌ ရဟန်းသံဃာ ဝေဒနာရှင်များအတွက် သီးသန့်ကျောင်းဆောင်မရှိ။ ရိုးရိုးလူ ဝေဒနာရှင်များနှင့် ရောနှောနေရ၏။ ဝေဒနာရှင်များ ပြွတ်သိပ်နေရသည့် ဆေးရုံတွင်းရှိ အဆောင်ငယ်ကလေးများထဲ၌ ရိုးရိုးလူဝေဒနာသည်များနှင့် ရောနှောနေရသည့် ရဟန်းသံဃာ ဝေဒနာသည်များကို တွေ့ကြရသော ပုဂ္ဂိုလ်အချို့က ကမကထပြုပြီး စေတနာရှင်များထံမှ ငွေကောက်၍ ဆောက်လုပ်လှူဒါန်းမည့် သံဃာ့ဆေးရုံ အဆောက်အအုံဖြစ်သည်။

ထိုနေ့က ကျွန်တော်လည်း အုတ်မြစ်ချပွဲသို့ ရောက်သွားသည်။ ကိုယ်ရေပြားရောဂါသည်များ၏အိုးစည်သံက ကျွန်တော်တို့ကို ဆီးကြိုသည်။ သူတို့သည် သူတို့နှင့် ဘဝတူလည်းဖြစ်သော၊ သူတို့ဆည်းကပ်ကိုးကွယ်သူများလည်းဖြစ်သော ရဟန်းသံဃာ ကိုယ်ရေပြားရောဂါသည်များအတွက် တသီးတခြား ကျောင်းဆောက်ပေးမည်ဆိုသဖြင့် ရွှင်လန်းဝမ်းသာနေကြသည်။

ပင့်ဖိတ်ထားသည့် သံဃာတော်များ၏ ပရိတ်တရားတော်ကို နာရသည်။

ရဟန်းသုံးပါးက ကမ္မဝါစာဖတ်သည်။

ဆရာတော်ကြီးနှစ်ပါးက အုတ်မြစ်ချသည်။

ထိုနေ့က အခမ်းအနားမှာ ထိုမျှသာဖြစ်သည်။ သို့ရာတွင် ထိုနေ့က ကိုယ်တွေ့မျက်မြင်ဖြစ်ခဲ့သော 'အနာကြီးရောဂါဆေးရုံ'သည် ကျွန်တော့်အား လွန်ခဲ့သည့်အနှစ် ကိုးဆယ်ကျော်က အဖြစ်အပျက်တစ်ခုကို ပြန်လည်ပြောပြနေသည်။

၁၈၈၅ ခုနှစ်၊ ဖေဖော်ဝါရီလ။

ရန်ကုန်မြေပေါ်၌ ဘာသာရေးခေါင်းဆောင်ပုဂ္ဂိုလ်ကြီးနှစ်ဦး ဆုံကြသည်။ တစ်ဦးက ခရစ်ယာန်ဘာသာခေါင်းဆောင်၊ နောက်တစ်ဦးက ဗုဒ္ဓဘာသာခေါင်းဆောင်။ နှစ်ဦးလုံးပင် မြန်မာလူမျိုးများမဟုတ်ကြ။ နိုင်ငံခြား

mgyoe.com

mgyoe.com

သားများဖြစ်ကြသည်။

သီယိုဆိုဖီအသင်းကို စတင်ဖွဲ့သည့် အမေရိကန်သား အောလကော့သည် သီဟိုဋ္ဌ(သီရိလင်္ကာ) နှင့် အိန္ဒိယနိုင်ငံတို့၌ ဗုဒ္ဓဘာသာ ပြန့်ပွားရေးလုပ်ငန်းများကို ကြိုးကြိုးပမ်းပမ်း လုပ်ကိုင်ဆောင်ရွက်နေသဖြင့် ဗုဒ္ဓဘာသာလောက၌ လူသိများနေသည်။ ထိုပုဂ္ဂိုလ်ကြီးသည် မြန်မာနိုင်ငံသို့ နှစ်ကြိမ် ကြွရောက်လာဖူးသည်။ ပထမအကြိမ်မှာ သီပေါမင်းဖိတ်၍ ကြွလာခြင်းဖြစ်သည်။

သီပေါမင်း၏ သမားတော်များထဲတွင် အီတာလျံလူမျိုးတစ်ဦး ရှိသည်။ ထိုအီတာလျံလူမျိုး သမားတော်သည် သီပေါမင်းအား ကာနယ်အောလကော့ အကြောင်း စကားစပ်ပြော၏။ ထိုအခါ သီပေါမင်းက အောလကော့အား စိတ်ဝင်စားသွားပြီး မြန်မာပြည်သို့ အဖိတ်ခိုင်း၏။ အီတာလျံသမားတော်က အိန္ဒိယတွင်ရှိနေသည့် အောလကော့အား မြန်မာပြည်သို့ ကြွရောက်လာရန် ပင့်ဖိတ်လိုက်လေသည်။ အောလကော့ ရန်ကုန်ရောက်လာသည်။ ရန်ကုန်တွင် အောလကော့သည် သီယိုဆိုဖီအသင်းခွဲများကို ဖွင့်သွားခဲ့လေသည်။ သီပေါမင်းထံသို့မူ မသွားတော့။ သီပေါမင်းကို သူ အထင်မှားသွားသည်။ သီပေါမင်းက သူ့ကို တကယ်ဗုဒ္ဓဘာသာပြန့်ပွား ထွန်းကားရေးအတွက် ပင့်ဖိတ်ခြင်း မဟုတ်ဘဲ လူဖြူမျိုးထဲက ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနှင့် အထူးအဆန်းအဖြစ် ကြည့်လို၍သာ ပင့်ဖိတ်ခြင်း ဖြစ်ရမည်ဟု အောလကော့က ယူဆသွားသည်။ ထို့ပြင် မင်းညီမင်းသားများ လုပ်ကြံမှုတွင် သီပေါမင်း၏ လက်ချက် ကင်းမည်မဟုတ်ဟုလည်း အောလကော့ တွေးဟန်တူသည်။ ထို့ကြောင့် သီပေါမင်းထံ ဆက်သွားဖို့ စိတ်မဝင်စားတော့ပေ။

သို့ရာတွင် ရန်ကုန်တွင် အောလကော့ ထူးထူးခြားခြား ကျေနပ်အားရသွားသည့် အချက်နှစ်ချက်ရှိသည်။ တစ်ချက်မှာ ရန်ကုန် သီယိုဆိုဖီအသင်းခွဲများကို ဖွင့်လှစ်တည်ထောင်သွားနိုင်ခြင်းဖြစ်ပြီး အခြားတစ်ချက်မှာ ရန်ကုန်၌ အဓိကရ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်ကြီးနှင့် တွေ့ဆုံကြုံကြိုက်သွားခြင်းဖြစ်လေသည်။ ထိုခရစ်ယာန်ခေါင်းဆောင်ကြီးကား 'မောင်ဂိုမာရီ၊ ဒါလဟိုဇီ၊ ဖရေဇာ' စသည်ဖြင့် ဗြိတိသျှနယ်ချဲ့ ခေါင်းဆောင်

mgyoe.com

ကြီးများ၏ အမည်နာမများကိုယူပြီး ရန်ကုန်မြို့၏ လမ်းအမည်များကို မှည့်ခေါ်ထားသကဲ့သို့ သူ့အမည်ကိုလည်းယူပြီး ရန်ကုန်မြို့၏လမ်းတစ်လမ်းအမည်ကို မှည့်ခေါ်ထားရသူဖြစ်လေသည်။ သူ့အမည်ကား 'ဘီဂန်ဒက်' ဖြစ်သည်။ ခရစ်ယာန်ဂိုဏ်းအုပ် ဘုန်းတော်ကြီးဖြစ်သည်။ အနော်ရထာလမ်း (ဖရေဇာလမ်း) အရှေ့ပိုင်းကို ယခင်က ဘီဂန်ဒက်လမ်းဟု ခေါ်သည်။ ဘာသာရေးပုဂ္ဂိုလ်ပင်ဖြစ်လင့်ကစား အုပ်ချုပ်သူများနည်းတူ သူ့အမည်ကိုယူပြီး လမ်းအမည်နှင့်မှည့်ထားရပုံ ထောက်၍ ထိုအချိန်က သူမည်မျှ ဩဇာလွှမ်းမိုးမည်ဆိုသည်ကို သိနိုင်လောက်ပေသည်။

ဂိုဏ်းအုပ်ဘုန်းတော်ကြီး ဘီဂန်ဒက်သည် 'မြန်မာ ဗုဒ္ဓဝင်' ကိုလည်း The Burmese Legend of Gaudama အမည်ဖြင့် အင်္ဂလိပ်ဘာသာပြန်ဆိုရေးသားသည်။ ဘီဂန်ဒက်၏ ယင်းဗုဒ္ဓဝင်သည် ဗုဒ္ဓဝင်ကို အနောက်တိုင်းဘာသာဖြင့် အစောဆုံးရေးသည့်ကျမ်းဖြစ်သည်ဟု အဆိုရှိသည်။

အောလကော့သည် ရန်ကုန်၌ရှိခိုက် တစ်နေ့တွင် ဘီဂန်ဒက်ထံ ရောက်သွား၏။ ဘာသာရေးခေါင်းဆောင်ကြီး နှစ်ဦးသည် အာလာပ သလ္လာပစကား ပြောကြသည်။ အောလကော့က ပြောသည်။

"အရှင် ဘီဂန်ဒက်ရေးတဲ့ 'ဂေါတမ ဗုဒ္ဓဝင်' ကို ကျွန်ုပ်ဖတ်ရပါတယ်။ နောက်ထပ် အလားတူ ဗုဒ္ဓဘာသာအကြောင်း စာအုပ်များကို ရေးသားပြုစုပါဦး"

ဘီဂန်ဒက်က ပြန်ပြောသည်။

"ကျွန်ုပ်အနေနဲ့ နောက်ထပ် အလားတူစာအုပ်မျိုးကို ရေးနိုင်ဖို့ မလွယ်တော့ပါဘူး။ မောင်ရေးတဲ့ ဗုဒ္ဓဘာသာ ပုစ္ဆာ ဝိသဇ္ဇနာ (Budhist Catechism)ကို ကျုပ်ဖတ်ရတယ်။ မောင်ပဲ အဲဒီစာအုပ်မျိုးကို ဆက်ရေးပါလို့ ကျုပ်က တိုက်တွန်းပါတယ်"

ထို့နောက် ခြောက်နှစ်အကြာ ၁၈၉၁ ခုနှစ်တွင်လည်း အောလကော့သည် မြန်မာပြည်သို့ တစ်ကြိမ်ရောက်လာပြန်သည်။ ထိုအချိန်၌ မြန်မာပြည်တွင် ဗုဒ္ဓသာသန သမာဂမ ခေါ် နိုင်ငံတကာ ဗုဒ္ဓဘာသာ အသင်းကြီးကို တည်ထောင်ဖွဲ့စည်းထားသည်။ ထိုအသင်းကြီးက နိုင်ငံခြားသာသနာပြုရေး

mgyoe.com

mgyoe.com

ကိစ္စ တိုင်ပင်ဆွေးနွေးရန် ကိုယ်စားလှယ်စေလွှတ်ပြီး ပင့်ဖိတ်သောကြောင့် အောလကော့သည် ရန်ကုန်မြို့သို့ ရောက်လာခြင်း ဖြစ်သည်။ ထိုအကြိမ်တွင်လည်း အောလကော့သည် ဂိုဏ်းအုပ်ဘုန်းတော်ကြီး ဘီဂန်ဒက်ထံ မရောက် ရောက်အောင် သွားရောက်ခဲ့သည်။ အောလကော့သည် ဘီဂန်ဒက်အား အလွန်တရာ လေးစားကြည်ညိုသည်။ ထိုအချိန်၌ ဘီဂန်ဒက်၏ အသက်မှာ ၇၀ ကျော်နေပြီ။ အောလကော့က ဘီဂန်ဒက်ထက် အသက်ငယ်သည်။

"အရင်တစ်ခေါက်ကလည်း ကျွန်ုပ် အရှင်ဘီဂန်ဒက်ကို ကျမ်းစာအုပ်ရေးသားပြုစုဖို့ တိုက်တွန်းတောင်းပန်ခဲ့ပါတယ်။ အခုလည်း ထပ်တောင်းပန်ပါရစေ။ မသေမီ ကျမ်းစာအုပ်တွေကို ထပ်ရေးသားပြုစုပါဦး"

အောလကော့သည် ဘီဂန်ဒက်နှင့် တွေ့တွေ့ချင်း စာအုပ်ရေးသားပြုစုရန်သာ တိုက်တွန်းတောင်းပန်သည်။ ဘီဂန်ဒက်က ပြန်မေးလိုက်လေ၏။

"နေပါဦး၊ ဘယ်လိုစာအုပ်မျိုးကို မောင်က ရေးသားပြုစုချင်တာလဲ"

"ဗုဒ္ဓအဘိဓမ္မာနဲ့ပတ်သက်တဲ့ ကျမ်းစာအုပ်များကို ရေးသားပြုစုစေချင်ပါတယ်"

"နောက်ကျသွားပြီ အောလကော့၊ ကျုပ်အနေနဲ့ အိုမင်းမစွမ်းဖြစ်နေပြီမို့ အဲဒီလိုစာအုပ်မျိုးကို ရေးသားပြုစုဖို့ဆိုတာ မလွယ်တော့ဘူး။ မောင်တို့လို ငယ်ရွယ်သူတွေကသာ အဲဒီတာဝန်ကို ယူရမယ်"

ဘီဂန်ဒက်သည် ရိုမန်ကက်သလစ် ခရစ်ယာန်သာသနာဝင်၌ ထင်ရှားသော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သကဲ့သို့ အောလကော့သည်လည်း ဗုဒ္ဓဘာသာလောက၌ ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သည်။ သူတို့နှစ်ဦးသည် ရန်ကုန်မြေပေါ်၌ နှစ်ကြိမ်တိတိ ဆုံကြသည်။ ဘာသာရေး၊ သာသနာရေး ဆွေးနွေးကြသည်။

အိုးစည်သံသည် ထောက်ကြန့်တစ်ကြောတွင် ဝေ့သွားသည်။

ဆရာတော်ကြီးနှစ်ပါးသည် အနာကြီးအထူးကုဆေးရုံတွင် တက်ရောက်ကုသနေကြသည့် ဝေဒနာသည် ရဟန်းသံဃာများ နေထိုင်သီတင်း

mgyoe.com

mgyoe.com

သုံးရန်အတွက် ဆောက်လုပ်တော့မည့် ကျောင်းဆောင်အတွက် အုတ်မြစ်ချလိုက်ကြသည်။

ဤအနာကြီးရောဂါကုဆေးရုံကို စတင်တည်ထောင်သွားသူကား အခြားမဟုတ်ပေ။ ဘုန်းတော်ကြီး ဘီဂန်ဒက်ပင် ဖြစ်သည်။ ဆေးရုံသည် အင်္ဂလိပ်လက်ထက်က ကြည့်မြင်တိုင်၌ရှိသည်။ ယခုခေတ်ကျမှ ထောက်ကြန့်တွင် ပြောင်းရွှေ့ ဖွင့်လှစ်ထားခြင်းဖြစ်သည်။

မြန်မာ ဗုဒ္ဓဝင်ကို ရေးသားပြုစုသွားသည့် ဘုန်းတော်ကြီး ဘီဂန်ဒက်တည်ထောင်သွားခဲ့သော အနာကြီးရောဂါကုဆေးရုံတွင် နှစ်ပေါင်း ၉၀ ကျော်မှ ရဟန်းသံဃာ ဝေဒနာရှင်များ သီးသန့်နေထိုင်နိုင်ရန် ကျောင်းဆောင်တစ်ဆောင်ကို ဆောက်လုပ်နိုင်ခဲ့သည်။

❑

mgyoe.com

mgyoe.com

သီယိုဆိုဖီ ရာပြည့်

နာနာဆန္ဒဟု ဘုရားဟောပြထားသည်။

လူတို့သည် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဖြစ်ကြသည်။ လူနှစ်ယောက်ရှိလျှင် ဆန္ဒနှစ်မျိုးရှိသည်။ အယူအဆ နှစ်မျိုးရှိသည်။ တစ်ယောက်နှင့်တစ်ယောက် သဘောထားမတူပေ။

ယင်းသို့ လူနှစ်ယောက်ရှိက သဘောထားနှစ်မျိုး ကွဲနေတတ်သဖြင့် လူအများစုထားသော အစုအဝေးအပေါင်းအစု အသင်းအပင်းသည် ကြာရှည်စွာ တည်တံ့ခိုင်မြဲပြီး အစည်းပြေမသွားဖို့ရန်မှာ မလွယ်ပေ။

နှစ်ပေါင်းတစ်ရာ ရှည်ကြာသည့်တိုင် တည်တံ့ခိုင်မြဲနေသော အသင်းအပင်း အဖွဲ့အစည်းကား အလွန်တရာမှ ရှားပါးလှပေသည်။

သီယိုဆိုဖီအသင်းသည် ယင်းရှားပါးလှသည့် အသင်းအပင်းအဖွဲ့အစည်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ အကြောင်းမူကား ယင်းအသင်းကို ဖွဲ့စည်းခဲ့သည်မှာ နှစ်ပေါင်းတစ်ရာ ရှည်ကြာသွားခဲ့ပြီဖြစ်ပြီး ယနေ့အထိ တည်တံ့နေသောကြောင့်ဖြစ်သည်။ ကမ္ဘာ့သီယိုဆိုဖီအသင်းကို ၁၈၇၅ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်နေ့၌ စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၇၅

mgyoe.com

ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် နှစ်တစ်ရာတင်းတင်း ပြည့်သွားပြီဖြစ်၍ ထိုနေ့ထိုရက်တွင် သီယိုဆိုဖီအသင်းတည်ရာ နိုင်ငံတိုင်း၌ သီယိုဆိုဖီရာပြည့်ပွဲကို ကျင်းပပြုလုပ်ကြလေသည်။

မြန်မာနိုင်ငံ၌လည်း သီယိုဆိုဖီအသင်းခွဲရှိသည်ဖြစ်၍ အသင်းတည်ရာဌာန ရန်ကုန်မြို့၌ သီယိုဆိုဖီ ရာပြည့်ပွဲကို သုံးရက်တိတိ ကျင်းပပြုလုပ်သည်။ သီယိုဆိုဖီရာပြည့်ပွဲမှာ တန်ဆောင်တိုင်ပွဲနှင့်လည်း တိုက်ဆိုင်သွားသည်။

ကမ္ဘာ့ သီယိုဆိုဖီအသင်းကို အမေရိကန်လူမျိုး ဗိုလ်မှူးကြီးအောလကော့နှင့် ရုရှားအမျိုးသမီး မဒမ်ဗလာဗက်စကီးတို့က ၁၈၇၅ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်နေ့တွင် အမေရိကန် နယူးယောက်မြို့၌ စတင်ဖွဲ့စည်းခဲ့သည်။ လေးနှစ်အကြာတွင် အဖွဲ့ချုပ်တည်ရာဌာနကို နယူးယောက်မြို့မှ အိန္ဒိယပြည် ဘုံဘေမြို့သို့ ပြောင်းရွှေ့လာသည်။ ၁၈၈၂ ခုနှစ်တွင် မဒရပ်ပြည်နယ် (ယခု တမိနာဒူးပြည်နယ်) အဒယာမြို့သို့ ပြောင်းရွှေ့ခဲ့သည်။ ကမ္ဘာ့သီယိုဆိုဖီအဖွဲ့ချုပ်တည်ရာဌာနမှာ ထိုအချိန်မှစပြီး ယနေ့တိုင်အောင် အဒယာ၌ပင် ရှိနေသည်။

သီယိုဆိုဖီအသင်းသည် နှစ်ပေါင်းတစ်ရာအတွင်း ကမ္ဘာ့နိုင်ငံပေါင်းခြောက်ဆယ်တို့၌ အဖွဲ့ခွဲများကို ဖွဲ့စည်းနိုင်ခဲ့သည်။ အဖွဲ့ဝင် သန်းပေါင်းများစွာရှိသည်ဟု သိရသည်။ သီယိုဆိုဖီအသင်း၏ အတက်ကြွ အလှုပ်ရှားဆုံးနေရာကား အိန္ဒိယပြည်ဖြစ်သည်။ အိန္ဒိယပြည်၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ သီယိုဆိုဖီအသင်းခေါင်းဆောင်များသည် တက်ကြွစွာ ပါဝင်ခဲ့လေသည်။ အသင်းကြီးကို တည်ထောင်သည့် ပထမဦးဆုံးဥက္ကဋ္ဌဖြစ်သူ ဗိုလ်မှူးကြီးအောလကော့သည် အဒယာ၌ ဆင်းရဲသား ဇာတ်နိမ့်ကလေးသူငယ်များအတွက် စာသင်ကျောင်းတစ်ကျောင်း တည်ထောင်ခဲ့သည်။ ယင်းကျောင်း၌ ယခုအချိန်လည်း ဇာတ်နိမ့်ဆင်းရဲသားကျောင်းသားပေါင်း ခြောက်ရာကျော်မျှကို အခမဲ့ ပညာသင်ကြားပေးနေသည့်အပြင် ကျောင်းသားများအတွက် စာအုပ် အဝတ်အစားများကိုလည်း ထောက်ပံ့သည်။ ယင်းကျောင်း၏ သက်တမ်းမှာလည်း နှစ်တစ်ရာရှိသွားပြီ။

mgyoe.com

mgyoe.com

အိန္ဒိယပြည်တွင် ယခုခေတ်၌ပင်လျှင် ဇာတ်နိမ့်တို့၏ အခြေအနေမှာ ပြောလောက် ဆိုလောက် ပြုပြင်ပြောင်းလဲမှု မရှိသေးပေ။ လွန်ခဲ့သည့် နှစ်တစ်ရာလောက်က ဇာတ်နိမ့်များဘက်က မားမားမတ်မတ်ရပ်ပြီး ဇာတ်နိမ့်တို့၏ အကျိုးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းမှာ အလွန်တရာ ချီးကျူးထိုက်သည့် လုပ်ငန်းဖြစ်သည်။

သီယိုဆိုဖီအသင်းချုပ် တည်ရာဌာနန၌ စာကြည့် ပိဋကတ်တိုက်ကြီး တစ်ခုရှိသည်။ ယင်း စာကြည့် ပိဋကတ်တိုက်သည် ကမ္ဘာ့နာမည်ကျော် စာကြည့် ပိဋကတ်တိုက်ကြီးများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ယခု အခါတွင် သီရိလင်္ကာ၊ တရုတ်၊ အီရန်နှင့် အရှေ့နိုင်ငံများမှ ရှားရှားပါးပါး ကျမ်းဂန်စာအုပ်များနှင့်တကွ အခြားနိုင်ငံများမှ စာအုပ်ပေါင်းများစွာ ရှိသည်။ ထို့ပြင် လက်ရေးစာမူ ပေ ပုရပိုက်ပေါင်း တစ်သောင်းရှစ်ထောင့်လေးရာမျှ ရှိသည်ဟု သိရသည်။ ကမ္ဘာ့နိုင်ငံပေါင်းများစွာမှ သုတေသီတို့သည် နှစ်စဉ် နှစ်တိုင်း ယင်းစာကြည့်တိုက်သို့ လာရောက်ပြီး သုတေသနပြုလုပ်ကြသည်။

အသင်းအဖွဲ့အစည်းများ၏ သမိုင်းကို လေ့လာကြည့်လျှင် အတက် အကျ၊ အနိမ့်အမြင့်ရှိမြဲဖြစ်သည်။ သို့ရာတွင် သီယိုဆိုဖီအသင်းကြီးကမူ နှစ်ဆယ်ရာစုနှစ် စသည်နှင့် တစ်ပြိုင်နက် တစ်လျှောက်လုံး ပြန့်ပွားထွန်း ကားလာခဲ့သည်။ ယင်းသို့ဖြစ်ရခြင်းမှာ အသင်းကြီး၏ အမျိုးသမီး ဥက္ကဋ္ဌ တစ်ဦးဖြစ်သူ နာမည်ကျော် ဒေါက်တာ အင်နီဗင်ဆင်ကြောင့် ဖြစ်သည်။ အင်နီဗင်ဆင်သည် သီယိုဆိုဖီအသင်း၏ဥက္ကဋ္ဌအဖြစ်ဖြင့် ဓမ္မအရေးကို ဆောင်ရွက်သည့်နည်းတူ အိန္ဒိယပြည် လွတ်လပ်ရေးအတွက်လည်း ထောင် တန်းအကျခံကာ ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦး ဖြစ်သည်။ ၁၉၁၈ ခုနှစ်၌ အိန္ဒိယ ကွန်ဂရက်ပါတီ၏ ဥက္ကဋ္ဌအဖြစ်ပင် အရွေးခံရသည်။

မြန်မာနိုင်ငံ၌လည်း သီယိုဆိုဖီအသင်းခွဲရှိသည်။ မြန်မာနိုင်ငံ၌ သီယို ဆိုဖီအသင်းခွဲ တည်ထောင်သည်မှာလည်း အချိန်အတော်စောစောကပင်ဖြစ် သည်။ မြန်မာနိုင်ငံ၌ ၁၈၈၅ ခုနှစ်တွင် သီယိုဆိုဖီအသင်းကို တည်ထောင် သည်ဖြစ်၍ မြန်မာနိုင်ငံ သီယိုဆိုဖီအသင်း၏ အသက်မှာ နှစ်ပေါင်း ကိုးဆယ် ရှိသွားပြီ။

mgyoe.com

mgyoe.com

၁၈၈၅ ခုနှစ်၌ သီယိုဆိုဖီအသင်းချုပ်၏ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်မှူးကြီး အောလကော့သည် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ ထိုအချိန်က မြန်မာလူမျိုးများ ထီးနှင့်နန်းနှင့် ရှိနေသေးသည်။ အထက် မြန်မာနိုင်ငံ၌ မြန်မာမင်းဆက်၏ နောက်ဆုံးဘုရင် သီပေါမင်းအုပ်ချုပ်စိုးစံနေတုန်းပင် ဖြစ်သည်။ သီပေါဘုရင်ကို ဆေးဝါးကုသပေးသည့် ဘုရင့်သမားတော်များထဲတွင် ဒေါက်တာဘူရိအမည်ရှိ အီတာလျံသမားတော်တစ်ဦးရှိသည်။ ယင်းသမားတော်သည် သီယိုဆိုဖီအသင်းဝင်ဖြစ်သည်။

တစ်နေ့တွင် အီတာလျံသမားတော်သည် သီပေါဘုရင်အား သီယိုဆိုဖီအသင်းနှင့် အသင်းဥက္ကဋ္ဌဖြစ်သူ အောလကော့အကြောင်းကို စကားစပ်ပြောသည်။ သီပေါဘုရင်သည် သီယိုဆိုဖီအသင်းကို စိတ်ဝင်စားသွားသည်။ အသင်းဥက္ကဋ္ဌကိုမူ ပိုပြီးစိတ်ဝင်စားသွားသည်။ အကြောင်းမူကား သီပေါမင်းသည် ဘာသာရေး ကိုင်းရှိုင်းသူ ဘုရင်တစ်ပါးဖြစ်သည်။ သီယိုဆိုဖီအသင်းဥက္ကဋ္ဌအောလကော့မှာလည်း ဗုဒ္ဓဘာသာလောက၌ ထင်ပေါ်ကျော်ကြားနေသည်။ အိန္ဒိယသို့ မရောက်ခင်ကပင် သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဘာသာပြန့်ပွားထွန်းကားရေးအတွက် မနေမနား ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အိန္ဒိယပြည်၌ သီယိုဆိုဖီအသင်းတည်ထောင်ပြီးသည့်နောက်တွင် အိန္ဒိယနှင့် သီဟိုဠ် ကူးချည်သန်းချည်လုပ်ပြီး ဗုဒ္ဓဘာသာအကျိုးကို သယ်ပိုးဆောင်ရွက်နေသည်။ အောလကော့သည် ပခုံးတစ်ဖက်ဖြင့် သီယိုဆိုဖီ အသင်းကြီးကို ထမ်းထားပြီး ကျန်ပခုံးတစ်ဖက်ဖြင့် ဗုဒ္ဓဘာသာ ပြန့်ပွားရေး ဝန်ထုပ်ကြီးကို ပိုးထားသည်။ သို့ဖြစ်၍ သူ၏သတင်းမှာ ဗုဒ္ဓဘာသာလောက၌ ထင်ပေါ်ကျော်ကြားနေသည်။ သီပေါမင်း သူ့ကို စိတ်ဝင်စားခြင်းမှာ ထိုအကြောင်းကြောင့်ပင် ဖြစ်တန်ရာသည်။

သီပေါမင်းသည် အီတာလျံသမားတော်မှတစ်ဆင့် သီယိုဆိုဖီ အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး အောလကော့အား မြန်မာနိုင်ငံသို့ ကြွရောက်လာရန် ပင့်ဖိတ်လိုက်လေသည်။

အောလကော့သည် သီပေါမင်း၏ ပင့်ဖိတ်ချက်အရ ရန်ကုန်ရောက်လာသည်။ ပထမတွင်မူ သီပေါမင်း ပင့်ဖိတ်ချက်ကြောင့် ရန်ကုန်ရောက်

mgyoe.com

mgyoe.com

လာခြင်းဖြစ်သော်လည်း ရန်ကုန်ရောက်သောအခါ စိတ်ပြောင်းသွားသည်။ ရန်ကုန်တွင် သီပေါမင်းနှင့် ပတ်သက်သော အမနာပသတင်းများကို ကြားသိရသည်။ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ သီပေါမင်းသည် ညီတော်နောင်တော်များကို လုပ်ကြံသတ်ဖြတ်ပြီး သွေးချောင်းစီးစေခဲ့သည်ဟူသော သတင်းသည် အောလကော့နားရောက်ရှိသွားသည်။ ဤတွင် အောလကော့စိတ်အကြီးအကျယ် ပျက်သွား၏။ "သီပေါမင်းသည် ငါ့ကို အနောက်နိုင်ငံသား ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့အတွက် လူထူးလူဆန်း အနေနှင့်သာ ကြည့်လိုခြင်း ဖြစ်လိမ့်မည်"ဟု အတွေးပေါ်လာပြီး သီပေါမင်းထံ မသွားတော့ဘဲ ရန်ကုန်ကပင် လှည့်ပြန်သွားသည်။

ပထမဆုံးအကြိမ် ရောက်လာသည့် ထိုအခေါက်ကပင် အောလကော့သည် ရန်ကုန်မြို့၌ သီယိုဆိုဖီအသင်းခွဲသုံးခုကို တည်ထောင်ဖွဲ့စည်းပေးသွားခဲ့သည်။ မြန်မာလူမျိုးများအတွက် 'ရွှေတိဂုံ သီယိုဆိုဖီအသင်း' အမည်ဖြင့် လည်းကောင်း၊ မြန်မာပြည်ရှိ ဥရောပတိုက်သားများအတွက် 'ဧရာဝတီ သီယိုဆိုဖီအသင်း' အမည်ဖြင့်လည်းကောင်း တည်ထောင်ဖွဲ့စည်းပေးသည်။ မြန်မာ–အိန္ဒိယတိုင်းရင်းသားများအတွက်လည်း သီယိုဆိုဖီအသင်းတစ်ခု တည်ထောင်ဖွဲ့စည်းပေးသည်။ ယင်းအသင်းသုံးခုကို စုပေါင်းပြီး ၁၉၁၂ ခုနှစ်၌ မြန်မာပြည် သီယိုဆိုဖီအသင်းခွဲအဖြစ်ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည်။ အသင်းဖွဲ့စက အိန္ဒိယအမျိုးသားများသာ အသင်းဝင်များကြသည်။ နောက်မှ တစ်စတစ်စ မြန်မာလူမျိုးများ စိတ်ဝင်စားလာကြသည်။ သို့ရာတွင် မြန်မာနိုင်ငံ သီယိုဆိုဖီအသင်းမှာ ကြီးပွားတိုးတက် ခြင်းမရှိလှပေ။ အသင်း၏တည်ရာဌာနမှာ ရန်ကုန်မြို့ လေးဆယ့်ကိုးလမ်း၌ ရှိသည်။ အသင်း၏ ဥက္ကဋ္ဌများထဲမှ ထင်ရှားသော မြန်မာလူမျိုးမှာ ဦးဖိုးလတ်ဖြစ်သည်။

ကမ္ဘာ့သီယိုဆိုဖီအသင်းကို တည်ထောင်ဖွဲ့စည်းရာ၌ ရည်ရွယ်ချက် သုံးမျိုးရှိသည်။

၁။ အမျိုးဇာတ်၊ အယူဝါဒ၊ လိင်၊ အတန်းအစား အရောင်ခွဲခြားခြင်း မရှိဘဲ လူသားအားလုံးအတွက် ညီရင်းအစ်ကိုစိတ် မွေးမြူပေးသည့် ဗဟိုဌာနတစ်ခု တည်ထောင်ရန်။

mgyoe.com

mgyoe.com

၂။ ဘာသာတရား၊ ဒဿနဗေဒ၊ သိပ္ပံပညာ ယင်းသုံးရပ်ကို နှိုင်းယှဉ် လေ့လာရေးအတွက် အားပေးအားမြှောက် ပြုလုပ်ရန်။

၃။ သဘာဝအတွင်း၌ရှိနေသည့် မသိရသေးသည့် နိယာမတရားများနှင့် လူသား၏ အတွင်းသန္တာန်၌ ငုပ်လျှိုးနေသည့် အစွမ်းသတ္တိများကို လေ့လာရန်။

ယင်းရည်ရွယ်ချက်သုံးမျိုးကို ဦးတည်ချက်ထားပြီး သီယိုဆိုဖီအသင်းကို တည်ထောင်ဖွဲ့စည်းခြင်းဖြစ်သည်။ ယင်းရည်ရွယ်ချက်သုံးမျိုးထဲတွင် ပထမရည်ရွယ်ချက်သည် အဓိကအကျဆုံးဖြစ်သည်။ ကျန်ရည်ရွယ်ချက် နှစ်မျိုးမှာ ပထမရည်ရွယ်ချက်၏ အဖြည့်ခံများသာ ဖြစ်ကြ၏ဟု ဆိုနိုင်သည်။ လူများကို အသိတရားရှိအောင်လုပ်ပြီး ညီရင်းအစ်ကိုစိတ် ဓာတ်ပွားများအောင် လုပ်ရန်နှင့်လူလူချင်း ရိုင်းပင်းကူညီအောင်လုပ်ရန်မှာ သီယိုဆိုဖီအသင်း၏ ပထမရည်ရွယ်ချက်ဖြစ်သည်။ မည်သူမဆို ယင်းရည်ရွယ်ချက်ကို နှစ်ခြိုက် သူမှန်သမျှ မည်သည့်ချွင်းချက်မှမထားဘဲ အသင်းဝင်ပုဂ္ဂိုလ်ဖြစ်နိုင်သည်။

သီယိုဆိုဖီအသင်းကြီး၏ အပြေပြစ် အပျော့ပျောင်းဆုံး၊ သဘောထား အပြည့်ဝဆုံးအချက်တစ်ခုမှာ မိမိအသင်းဝင်၏ ဘာသာရေး ယုံကြည်ချက် တွင် မည်ကဲ့သို့သော စွက်ဖက်ခြင်းမျိုးကိုမှ မပြုခြင်းဖြစ်သည်။ အသင်းဝင် သည် မည်သည့်ဘာသာတရားကိုမဆို လက်ခံနိုင်ခွင့်ရှိသည်။ စွန့်ပယ်နိုင်ခွင့် ရှိသည်။ ဘာသာတရားတစ်ခုခုကို လက်ခံခြင်း၊ စွန့်ပယ်ခြင်းမှာ အသင်းကြီး နှင့် မည်သို့မှမပတ်သက်ပေ။ အသင်း၏ အခမ်းအနားများ၌ ဘာသာတရား အားလုံး၏ ပူဇော်ရှိခိုးမှုများဖြင့် အခမ်းအနားကို အစပြုလေသည်။

အသင်းကြီး၏ပထမ ဦးတည်ချက်ဖြစ်သည့် 'ညီရင်းအစ်ကိုစိတ်ဓာတ်' ကို မွေးမြူနိုင်ပါက အသင်းကြီးသည် 'ရာပြည့်' သာလျှင်မက 'ထောင်ပြည့်' ပင် ကျင်းပနိုင်ဖွယ်ရာရှိပေသည်။ ယင်းစိတ်ဓာတ်သည် ကမ္ဘာကြီး ငြိမ်းချမ်း သာယာမှုအတွက်လည်း တစ်ခုတည်းသော အကြောင်းရင်းဖြစ်ပေသည်။

❑

mgyoe.com

mgyoe.com

ရောဘတ် ဂရင်း အင်ဂါဆောလ်
[၁၈၃၃-၁၈၉၉]

"အနှစ်သက်ဆုံး စာအုပ်တစ်အုပ်ကို ပြောပြပါ" ဟု တစ်စုံတစ်ယောက်သောသူက မေးလာလျှင် ရောဘတ် ဂရင်း အင်ဂါဆောလ်[၁] ၏ **ဟောပြောချက်များနှင့် စာတမ်းများ**[၂] အမည်ရှိစာအုပ်ကို ညွှန်ပြရပေလိမ့်မည်။ ထိုစာအုပ်သည် မိမိဖတ်ဖူးသမျှ စာအုပ်များအနက် အကြိုက်ဆုံး စာအုပ်တစ်အုပ်ဖြစ်သည်။ စာဖတ်သူအချို့တွင် ဖတ်ရသမျှ စာအုပ်များထဲက စွဲကျန်နေသည့် စာအုပ်တစ်အုပ်စ နှစ်အုပ်စ ရှိနေတတ်သည်။ ထိုစာအုပ်သည် စာဖတ်သူ၏ ဘဝအပေါ်တွင် ဩဇာလွှမ်းမိုးနေတတ်သည်။ စာဖတ်သူ၏ ဘဝရေစီးကြောင်းကိုပင် ပြောင်းလွှဲပေးတတ်သည်။ ရောဘတ်အင်ဂါဆောလ်၏ **ဟောပြောချက်များနှင့် စာတမ်းများ** စာအုပ်သည် ထိုကဲ့သို့သော စာအုပ်မျိုးဖြစ်သည်။ အကြိုက်ဆုံးစာအုပ်တစ်အုပ်ဖြစ်သည့်အတွက် ထို စာအုပ်ထဲက ကောက်နုတ်ချက်အချို့ကိုပင် **တော်လှန်သော အတွေး**

၁။ Robert Green Ingersoll

၂။ Lectures and Essays

mgyoe.com

mgyoe.com

အခေါ် အမည်ဖြင့် မြန်မာဘာသာ ပြန်ဆိုထုတ်ဝေခဲ့ဖူးသည်။

ထိုစာအုပ်ကို အိန္ဒိယရဟန်းတော် ဘိက္ခုအာနန္ဒာ ကောသလ္လာယန ကလည်း ဟိန္ဒီဘာသာဖြင့် ဘာသာပြန်ဆိုထားသည်။ အာနန္ဒာ ကောသလ္လာယန က ထိုစာအုပ်အကြောင်းကို သူ၏ စာအုပ်နိဒါန်းတွင် ဤသို့ ရေးသားထားသည်။

"... ၁၉၂၇ ခုနှစ်က ကျွန်ုပ် ပထမဆုံးအကြိမ် သီဟိုဠ် (သီရိလင်္ကာ) သို့ရောက်သွားသောအခါ သီဟိုဠ်မှ ပုဂ္ဂိုလ်တစ်ဦးက ကျွန်ုပ်ကို စာအုပ်တစ်အုပ် ဖတ်ဖို့ပေးသည်။ ထိုစာအုပ်သည် အင်ဂါဆောလ်၏ ဟောပြောချက်များနှင့် စာတမ်းများ စာအုပ်ဖြစ်သည်။ ထိုနှစ်သည် ကျွန်ုပ်စိတ်ထဲတွင် တိုက်ပွဲဆင်နေသည့်နှစ်ဖြစ်သည်။ ရဟန်းပြုမလား၊ မပြုဘူးလား ဟူသော အချက်နှင့်စပ်လျဉ်း၍ ဝေခွဲမရဖြစ်နေသည်မှာ တစ်လတိတိ ရှိသွားပြီ။ ...

"... ထိုအချိန်က သီဟိုဠ်တွင် ရာဟုလာသံကိစ္စည်းလည်းရှိနေသည်။ သူ၏ လှုံ့ဆော်တိုက်တွန်းမှု၊ ကူညီအားပေးမှုကြောင့်သာလျှင် ကျွန်ုပ် သီဟိုဠ် ရောက်လာခြင်းဖြစ်သည်။ ညနေပိုင်းတွင် ကျွန်ုပ်တို့ လမ်းလျှောက်ထွက်သည့်အခါ နေ့စဉ်နေ့တိုင်း ဣဿရ"နှင့်ပတ်သက်၍ ကျွန်ုပ် စဉ်းစားထားသည့် ယုတ္တိယုတ္တာဟူသမျှ၊ အကြောင်းပြချက်ဟူသမျှကို ရာဟုလာက သူ၏ အသိဉာဏ် ဆောက်ဖြင့် မုန့်မုန့်ညက်ညက်ဖြစ်အောင် ထွင်းဖောက် ခုတ်ထစ်ပစ်သည်။ သို့သော်လည်း ကျွန်ုပ်၏ ဣဿရသည် အသက်ထွက်မသွားပေ။ 'ဣဿရသည် 'ဦးခေါင်းတစ်ထောင်ရှိသူဖြစ်သည်။

"တစ်နေ့သ၌ ထိုစာအုပ်၏ ကဏ္ဍတစ်ခုကို ဖတ်ရင်း ဖတ်ရင်း ကျွန်ုပ်၏ ဣဿရသည် ဇီဝိန်ချုပ်သွားသည်။ ယုတ္တိယုတ္တာတည်းဟူသော နံရံ၌ မှီနေသော ဣဿရ'ကို သတ်သူမှာ ရာဟုလာဖြစ်သည်။ အစွဲတည်းဟူသော နံရံ၌ မှီနေသည့် 'ဣဿရ'ကို သတ်သူမှာ ထိုစာအုပ်ဖြစ်သည်။ ထိုနေ့တွင် ကျွန်ုပ်၏ ဒိုင်ယာရီစာအုပ်၌ 'ယနေ့ ပုရွက်ဆိတ်က ဆင်ပြောင်ကြီးကို သတ်ပစ်လိုက်သည်" ဟူ၍ ရေးမှတ်ထားလိုက်သည်။

"၁၉၂၈ ခုနှစ်တွင် ကျွန်ုပ်၏စိတ်နှလုံး ကမ္ဘာလောကထဲ၌ ကိန်းအောင်း

mgyoe.com

mgyoe.com

နေသည့် ထို 'ဆင်ပြောင်' သည် ကိစ္စချောသွားသည်။ တစ်ဖန် ခေါင်းပြန်မထောင်တော့ပေ။

"ရာဟုလာအတွက် မချိနိုင် မချနိုင်ဖြစ်နေသော အလုပ်ကို ထိုစာအုပ်က စွမ်းဆောင်လိုက်သည်ဟုပင် ကျွန်ုပ် အထင်ရှိသွားသည်။ ထိုစာအုပ်သာ ကြားမဝင်လျှင် ယနေ့ ကျွန်ုပ်သည် 'ဘိက္ခု အာနန္ဒာ ကောသလ္လာယန' မဖြစ်ဘဲ ဘာဖြစ်နေမည် မသိပေ။

"ယင်း မပြောပလောက်သည့် စာအုပ်ငယ်သည် ကျွန်ုပ်၏ဘဝနှင့် ဆက်စပ်နေသည်။ ကျွန်ုပ်၏ဘဝတွင် အရိပ်ထိုးနေသည့် စာအုပ်နှစ်အုပ် သုံးအုပ်ရှိသည့်အနက် ထိုစာအုပ်သည် တစ်အုပ်အပါအဝင်ဖြစ်သည်"

ဘိက္ခုအာနန္ဒာ ကောသလ္လာယနသည် ပထမက 'ဣဿရ'ကို ယုံကြည်ကိုးကွယ်သည့် ဟိန္ဒူဘုန်းကြီးဖြစ်သည်။ သူ၏ရေးသားချက်အရ သူ၏ဘဝရေစီးကြောင်း လမ်းပြောင်းသွားရာ၌ ထိုစာအုပ်၏ ပယောဂ မကင်းပေ။ ထိုစာအုပ်သည် ဤမျှထက်မြက်သည်။ ဤမျှ အားအစွမ်းနှင့် ပြည့်စုံသည်။ ကလောင်သွားသည် ဓားသွားထက် ထက်၏ဟု ဆိုကြသည် မဟုတ်လော။

ထိုစာအုပ်ကို ရေးသားပြုစုသူ အင်ဂါဆောလ်သည် မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သနည်း။ သူ့ဘဝတွင် မည်ကဲ့သို့သော ခရီးမှတ်တိုင်များကို ဖြတ်သန်းကျော်လွှားလာရသနည်း။ သူ့အကြောင်းကို ဟောပြောချက်များနှင့် စာတမ်းများစာအုပ်၏အစ၌ ချားလ်တီဂိုဟမ်ဆိုသူက ဤသို့ ရေးထားသည်။

အင်ဂါဆောလ်သည် အမေရိကန်ပြည်သားတစ်ဦးဖြစ်သည်။ ၁၈၃၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့၌ နယူးယောက်ပြည်နယ် ဒရက်စဒင်၌ သူ့ကို ဖွားမြင်သည်။ ၁၈၆၂ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့၌ အင်ဂါဆောလ်သည် အီဗာပါကာဆိုသူနှင့် လက်ထပ်ထိမ်းမြားပြီး ၁၈၉၉ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့၌ ကွယ်လွန်သွားသည်။

ကလေးဘဝက အင်ဂါဆောလ်သည် အိမ်တွင်းမှာ နေရသည်ထက် အိမ်ပြင်တွင် သွားလာလည်ပတ်နေရသည်ကို ပိုမိုနှစ်သက်သည်။ တစ်ခါတုန်းက သူ့ကိုကြိမ်းမောင်းမာန်မဲသည့် အဘိုးကြီးတစ်ဦးအား မုန့်ဖြင့် ပေါက်

mgyoe.com

mgyoe.com

လိုက်သည်။ ထို့ကြောင့် သူ့ကို ကလေးဆိုးကလေးဟု ထင်မည်ဆိုက ထင်နိုင်စရာရှိသည်။ အင်ဂါဆောလ်သည် မိဘများ၏အဆူအပူ အကြိမ်း အမောင်းကိုလည်း သည်လောက်မခံရပေ။ ကောလိပ်ပညာကိုလည်း မသင်ကြားရပေ။ ထို့ကြောင့် သူကံကောင်းသူ တစ်ဦးဖြစ်ချင် ဖြစ်နေပေမည်။ အသက်ကြီးလာသောအခါ သူကိုယ်တိုင်ကလည်း "ကောလိပ်ပညာသည် ကျောက်တုံးများကို အရောင်တင်သော်လည်း စိန်များကိုမူ အရောင်မှေးမှိန်စေသည်" ဟု ပြောဆိုဖူးသည်။ ယင်းစကားမှာ စိန်၏ စကားဖြစ်သည်။

အင်ဂါဆောလ်သည် ၁၈ နှစ်သားအရွယ်လောက်တွင် ဥပဒေပညာကို စတင်လေ့လာသင်ကြားသည်။ အချိန်အတန်ကြာမျှ ကျောင်းတစ်ကျောင်းတွင် ကျောင်းဆရာဝင်လုပ်သည်။ ထို့နောက် ရှေ့နေတစ်ဦး၏ ရုံးတွင် စာရေးဖြစ်လာသည်။ ၂၁ နှစ်ကျော်ကျော်လောက် ရှိသောအခါ သူကိုယ်တိုင် ရှေ့နေတစ်ဦးဖြစ်လာသည်။

ထိုအချိန်က သင်ခန်းစာများမှာ ယခုခေတ်လောက် တင်းကျပ်ခြင်း မရှိပေ။ သို့ရာတွင် အင်ဂါဆောလ်သည် မနေမနား လေ့လာသင်ကြားသည်။ ကြိုးစားအားထုတ်သည်။ တစ်ခါတစ်ရံ စာဖတ်ရင်း မိုးစင်စင် လင်းသွားသည်။

၁၈၅၇ ခုနှစ်တွင် အင်ဂါဆောလ်သည် အီလီနွိုပြည်နယ်၊ ပိုရိယာ၌ သူ့ညီအစ်ကိုတော်တစ်ယောက်နှင့်တွဲပြီး ရှေ့နေရုံးခန်းဖွင့်လှစ်သည်။ သူ၏ ထူးခြားလှသည့် အရည်အချင်းကြောင့် မကြာမီမှာပင် ထင်ရှားကျော်စောလာသည်။ သူ့ကို ငှားရမ်းသည့် အမှုသည်များ ပေါများလာသည်။ ရှေ့နေရှေ့ရပ်ခကို အဆမတန် တိုးတက်ပေးကြသည်။ ၁၀ နှစ် မရှိတရှိ အချိန်၌ပင် သူ့ကို အီလီနွိုပြည်နယ်အစိုးရ၏ အစိုးရရှေ့နေအဖြစ် ခန့်အပ်လိုက်သည်။ အင်ဂါဆောလ်သည် အမေရိကန်ရှိ အကျော်ဆုံး အတော်ဆုံး ဝတ်လုံကြီးများအနက် တစ်ဦးအပါအဝင် ဖြစ်လာသည်။

အင်ဂါဆောလ်သည် သူဖတ်ထားသည်ကို မည်သည့်အခါမျှ မမေ့မသွားပေ။ လူ့သဘာဝကို နှိုက်နှိုက်ချွတ်ချွတ် သိမြင်သည်။ ပရိယာယ်နိုင်နင်းသည်။ တိက္ခဉာဏ်ရှိသည်။ ထိုးထွင်းဉာဏ်ရှိသည်။ သူ၏ ဩဇာ

mgyoe.com

mgyoe.com

အရှိန်အဝါသည် တရားသူကြီး၏အပေါ်တွင် စူးရှနေသည်။ သူ၏ဇဝန ဉာဏ်သည် ထက်မြက်လှသည်။ သူ၏ စကားပြော အရှိန်အဝါသည် စူးရှ လှသည်။ ထို့ကြောင့် ထိုခေတ် အဓိပတိ ရှေ့နေရှေ့ရပ်များသည်ပင် သူနှင့် ယှဉ်ပြိုင်ရမည်ဆိုလျှင် မဝံ့မရဲ ဖြစ်နေတတ်ကြသည်။

၁၈၆၈ ခုနှစ်၌ ပြည်နယ်တစ်နယ်၏ ဘုရင်ခံရာထူးအတွက် ယှဉ် ပြိုင်အရွေးခံရာ ရွေးကောက်ပွဲ၌ ရှုံးနိမ့်သွားသည်။ သူနှင့်ပြိုင်ဘက်ပုဂ္ဂိုလ် က ပထမတွင် ရွေးကောက်ပွဲမဝင်ဟု ကြေညာထားသော်လည်း နောက်ပိုင်း တွင် ဘာသာမဲ့ တရားမဲ့ မိစ္ဆာဒိဋ္ဌိတစ်ဦးကို ဆန့်ကျင်ရန်အတွက် ရွေး ကောက်ပွဲကို ဝင်ရပါသည်ဟု ဝါဒဖြန့်သည်။ အင်ဂါဆောလ်သည် ဘုရင်ခံ ဖြစ်လိုသည့် ဆန္ဒပြင်းပြသော်လည်း မိမိ၏ယုံကြည်ချက်ကို သိုဝှက်ထား ပြီးလျှင် ရွေးကောက်ပွဲတွင် အနိုင်ရရှိအောင် မကြိုးစားခဲ့ပေ။ ဘာသာ တရားကို ဝေဖန်သည့်အလုပ်မှာ အများစုက လက်ခံသဘောကျသည့် အလုပ် မဟုတ်ပေ။ ထို့ကြောင့် အင်ဂါဆောလ်သည် ယေဘုယျအားဖြင့် ရိုးသား သော၊ လွတ်လပ်မှုကို မြတ်နိုးသော ပုဂ္ဂိုလ်တို့ ခံရတတ်သည့် အပြစ်ဒဏ် မျိုးကို ခံသွားရသည်။

အင်ဂါဆောလ်၏ စစ်သည်ဘဝသည် တာမရှည်ပေ။ ၁၈၆၁ ခုနှစ် ကုန်လောက်တွင် အင်ဂါဆောလ်သည် အိလီယော့ပြည်နယ် မြင်းတပ် ဗိုလ်မှူးကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ဗိုလ်မှူးကြီးအဖြစ် ခန့်အပ်ခြင်း ခံရပြီးနောက် ဖေဖော်ဝါရီလတွင် မိမိတပ်၏တပ်မှူးအဖြစ်ဖြင့် တိုက်ပွဲ ထွက်ရသည်။ ၁၈၆၂ ခုနှစ်၊ ဒီဇင်ဘာလ၌ သူကွပ်ကဲအုပ်ချုပ်သော တပ် သည် ဆယ်ဆပိုမိုများပြားသော ရန်သူတပ်၏အဝိုင်းခံရသဖြင့် ရဲဝံ့စွန့် စားစွာ ခုခံတိုက်ခိုက်ရင်းနှင့် လက်နက်ချအညံ့ခံလိုက်ရသည်။ နောက်ပိုင်းတွင် သူ၏သူရသတ္တိနှင့်ပတ်သက်၍ သားပုပ်လေလွင့် ပြောဆိုကြသည်။ သို့ရာ တွင် ယင်းသို့ပြောဆိုကြခြင်းမှာ အခြေအမြစ်လုံးဝမရှိပေ။

၁၈၇၅–၁၈၇၈ခုနှစ်၌ ဥရောပသို့ခရီးထွက်သောအခါ အင်ဂါဆောလ် သည် ဒစ်ကင်၊ ဘာန်းတို့၏အရေးအသားများကို ပိုမိုနှစ်သက်လာသည်။ အထူးအားဖြင့် ရှိတ်စပီးယား၏လက်ရာများကို စွဲလမ်းလာသည်။ ရှိတ်

mgyoe.com

mgyoe.com

စပီးယားနှင့်ပတ်သက်သော သူ၏ ဟောပြောချက်မှာ သူ၏ အကောင်းဆုံး ဟောပြောချက်တစ်ခုအဖြစ် ထင်ပေါ်ကျော်ကြားလာသည်။ ယင်းဟော ပြောချက်ကို သူ၏ဟောပြောချက်များနှင့် စာတမ်းများ စာအုပ်၌ ထည့် သွင်းထားသည်။

အင်ဂါဆောလ်သည် နပိုလီယန်၏ဂူအနီး၌ရပ်လျက် တအံ့တသြ ငေးမောကြည့်ရှုနေသည်။ သို့ရာတွင် နပိုလီယန်ဟူသော အမည်နာမဖြင့် ထင်ပေါ်ကျော်ကြားနေသည့် ထိုဘုန်းလက်ရုံးရှင် သူသတ်သမားအဖြစ် ထက် ပြင်သစ်လယ်သမားတစ်ဦးဖြစ်သော နပိုလီယန်ကို လည်းကောင်း၊ ခုံဖိနပ်စီးထားသော နပိုလီယန်ကိုလည်းကောင်း၊ စပျစ်နွယ်များတက်နေသည့် တဲအိမ်တွင် နေထိုင်သည့် နပိုလီယန်ကိုလည်းကောင်း၊ မိမိ မယားကို ဘေး နားမှာထားပြီး သားသမီးများကို ဒူးပေါ်ပေါင်ပေါ် တင်ထိုင်နေသည့် နပိုလီယန်ကိုလည်းကောင်း ပိုမို၍ အားကျနေသည်။

ယင်းအချက်သည် အင်ဂါဆောလ်၏ အိမ်ထောင်သည်ဘဝမှ အလှ တစ်ကွက်ကို လှစ်ပြသော အချက်ဖြစ်သည်။ သူ၏အိမ်သည် စံပြအိမ် ဖြစ်သည်။ နူးညံ့သိမ်မွေ့ခြင်း၊ ရက်ရောခြင်းတို့ဖြင့် ပြည့်နှက်နေသည်။ အလင်းရောင်လွှမ်းနေသည်။ ညှို့ဝတ်ပျူငှာ ပြည့်ဝနေသည့်အမိုး၏ အောက်၌ မိသားစုလေးယောက်တို့ နေထိုင်ကြသည်။ သူ၏အိမ်တံခါး သည် မည်သည့်ဧည့်သည် အာဂန္တုအတွက်မဆို ပွင့်နေသည်။ အင်ဂါဆောလ် သဘောထားပြည့်ဝသည့်အကြောင်းသည် ရပ်သိရွာသိဖြစ်သည်။

သူ၏အယူအဆများနှင့် ပတ်သက်၍ မည်ကဲ့သို့ပင် ထင်ထင်၊ လူသား တစ်ယောက်အနေနှင့်ကား အင်ဂါဆောလ်သည် တကယ်ပင် လေးစားထိုက် သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ သူ၏အမှန်တရားနှင့် တရားမှုကို ချစ်မြတ်နိုးပုံ၊ လွတ်လပ်မှုကို နှစ်သက်လိုလားပုံ၊ လူမှုရေးအခြေအနေ ပြုပြင်ပြောင်းလဲမှု အတွက် စိတ်အားထက်သန်ပုံတို့မှာ သူ၏ရေးသားချက်များ၌ ပေါ်လွင် ထင်ရှားနေသည်။

တရားဟောဆရာ၊ စကားပြောဆရာတစ်ဦးအဖြစ် အင်ဂါဆောလ် ၏အဆင့်သည် မြင့်လှပေသည်။ ဘယ်အချိန် ဘယ်ရာသီ၌မဆို၊ သူ၏

mgyoe.com

mgyoe.com

တရားဟောခန်းဆောင်သည် တရားနာပရိသတ် ပြည့်လျှံမသွားသည် မရှိပေ။ ဟောပြောသည့်အတွက်ရသည့် သူ၏ ဝင်ငွေမှာ အမေရိကန်သမ္မတ၏ ဝင်ငွေထက် ရှစ်ဆပိုသည်။ သူ့ဘဝနောက်ပိုင်း အနှစ်ငါးဆယ်အတွင်း၌ သူ၏ ဝင်ငွေမှာ ထိုအချိန် အမေရိကန်၌ရှိသော အတော်ဆုံးစကားပြောဆရာ၊ တရားဟောဆရာ နှစ်ဆယ်တို့၏ ဝင်ငွေထက်ပင်များသည်ဟုလည်း ခန့်မှန်းကြသည်။ သို့ရာတွင် အင်ဂါဆောလ်သည် မည်သည့်အခါမျှ ဥစ္စာကြေးငွေကို စုဆောင်းသိမ်းလိုသည့် ဆန္ဒမရှိခဲ့ပေ။ သူကွယ်လွန်သွားသောအခါ မြေကွက်ကလေးတစ်ကွက်မျှသာ သူပိုင်ပစ္စည်းအနေနှင့် ကျန်ရှိခဲ့သည်။ သူ့ဘဝတစ်သက်တာ၌ အင်ဂါဆောလ်သည် အခြားပုဂ္ဂိုလ်များ ရွှင်လန်းချမ်းသာရေးကိုသာလျှင် စိတ်စောသည်။ ကျေးဇူးဥပကာရ တင်ရှိနေသောများစွာသော ပုဂ္ဂိုလ်တို့၏ နှလုံးသားအတွင်း၌ သူ၏ ရုပ်လုံးသဏ္ဍာန်သည် အစဉ်ကိန်းအောင်းနေသည်။

တစ်စုံတစ်ခုကို ဟောပြောသည့်အခါ၌ သူ၏စိတ်အာရုံသည် ပညာရှင်အသိုင်းအဝိုင်းဆီ ရောက်မနေပေ။ လမ်းပေါ်က လူတွေဆီသာ ရောက်နေသည်။ ယင်းအချက်သည် အဟောအပြောနှင့်ပတ်သက်၍ သူ့အား အောင်မြင်မှုရရှိစေသည့် အကြောင်းတစ်ကြောင်းဖြစ်သည်။

ဟောပြောချက်များနှင့် စာတမ်းများ စာအုပ်သည် အင်ဂါဆောလ်၏ တော်လှန်သော အတွေးအခေါ် အယူအဆများကို ဖော်ပြထားသည့် စာအုပ်ဖြစ်သည်။ သူ၏အယူအဆများကား ရဲရင့်၏။ ပြတ်သား၏။ ဆန်းသစ်၏။ ရှေးဟောင်းစဉ်လာကို တော်လှန်ထား၏။ ပြည်သူ့အကျိုး၊ လူထုအကျိုးကို ဦးတည်၏။ ထိုစာအုပ်၏ **အမှန်တရားအမည်ရှိ** ကဏ္ဍာ၌ အောက်ပါစကားအချို့ ပါရှိသည်။

> "အမှန်တရားသည် ကမ္ဘာလောက၏ စိတ်ပိုင်းဆိုင်ရာ ဥစ္စာဓနဖြစ်သည်။ အမှန်တရားကိုရှာဖွေခြင်းထက် မြင့်မြတ်သော အလုပ်ဟူ၍ မရှိပေ။ တိုးတက်ခြင်း၏ တောက်ပနေသော ဗိမာန်၏ အုတ်မြစ်သည် အမှန်တရားဖြစ်သည်။ ကိုယ်ထည်သည် အမှန်တရားဖြစ်သည် ...။ အမှန်တရားတစ်ခုခုကို ရှာဖွေစူးစမ်းသူသည် အမိုက်မှောင်

mgyoe.com

အတွင်း၌ အလင်းရောင်ဖြန့်သူပင် ဖြစ်သည်။ အမှန်တရားကို ရှာဖွေ စူးစမ်းခြင်းဖြင့် ရရှိနိုင်သည်။ အတွေ့အကြုံဖြင့် ရရှိနိုင်သည်။ ဆင်ခြင် စဉ်းစားခြင်းဖြင့် ရရှိနိုင်သည်။

"အကြင်သူသည် ရှာဖွေစူးစမ်းသူတစ်ဦးဦးကို ဤလောက၏အပြစ်ဒဏ်ဖြင့်ဖြစ်စေ၊ တမလွန်လောက၏ အပြစ်ဒဏ်ဖြင့်ဖြစ်စေ ခြိမ်းခြောက်၏။ ထိုသူသည် လူသားတို့၏ရန်သူဖြစ်သည်။ ထိုသူသည် မိမိလူသား မိတ်ဆွေများအား သစ္စာဖောက်သူဖြစ်သည် ...။

"မိမိ၏ မျက်မှောက်ရောက်လာသော မည်သည့်ပြဿနာကို မဆို ဘက်လိုက်ခြင်းမရှိဘဲ၊ အဂတိလိုက်ခြင်းမရှိဘဲ ဆင်ခြင်စဉ်းစား သင့်သည်။ လူ၏ရည်ရွယ်ချက်သည်၊ လူ၏ တစ်ခုတည်းသော ရည်ရွယ်ချက်သည် အမှန်တရားကိုသိမြင်ရေးသာလျှင် ဖြစ်သင့် သည်။ အထောက်အထားများကို လည်းကောင်း၊ ကျိုးကြောင်း ဆင်ခြင်တိုင်းထွာမှုကို လည်းကောင်း ရိုးသားစွာဖြင့် အသိဉာဏ် တည်းဟူသော ချိန်ခွင်ပေါ်တင်လျက် ချိန်ကြည့်သင့်သည်။ ချစ်ခြင်း သို့မဟုတ် မုန်းခြင်း၏ဩဇာ လွှမ်းမနေသော ချိန်ခွင်ပေါ်တွင် တင်လျက် ချိန်ကြည့်သင့်သည်။ ... မိမိ အသိဉာဏ်က အမှန်တရား ဟူ၍ လက်မခံသော မည်သည့်အရာမျိုးကိုမဆို ဂရုမထားသင့်ပေ။

"အကြင်သူတို့သည် အသိဉာဏ်ပညာရှိ၏။ တကယ် ရိုး သား၏။ အဆင်ခြင် အစဉ်းစားနှင့် ပြည့်စုံ၏။ ထိုသူတို့သည် အရေ အတွက်ဖြင့် သို့မဟုတ် အများဆန္ဒဖြင့် လွှမ်းမိုးချုပ်ကိုင်ထား၍ ရသူ များ မဟုတ်ပေ။ ထိုသူတို့သည် ဤအရာသည်ကား အမှန်တရား ဖြစ်၏ ဟူ၍ မိမိကိုယ်တိုင် တကယ်တမ်း ယုံကြည်သည့် အရာများကို သာလျှင် လက်ခံသည်။ ထိုသူတို့သည် ရှေးဘိုးစဉ် ဆောင်ဆက်တို့၏ အယူအဆ ဝါဒလမ်းစဉ်များကိုပင်ဖြစ်စေ မိမိအသိဉာဏ်နှင့် မကိုက် လျှင်၊ မဟပ်လျှင် အလေးမပြု ဂရုမထားကြပေ။ ထိုသူတို့သည် အရပ်မျက်နှာထက်ဝန်းကျင်၌ အမှန်တရားကို ရှာမှီးကြသည်။ အမှန် တရားကို တွေ့မြင်သောအခါ၌ ဝမ်းပန်းတသာဖြင့် ခံယူကြသည်။

mgyoe.com

mgyoe.com

ဤကားရိုးသား၍ အသိဉာဏ်ပညာရှိသည့် ပုဂ္ဂိုလ်တို့၏ တစ်ခုတည်းသောလမ်းဖြစ်သည်။ ထိုသူတို့ အတွက် တခြားလမ်းမရှိပေ"

ဘယ်လမ်းလိုက်မည်နည်း အမည်ရှိသည့် အခြားကဏ္ဍတစ်ခု၌လည်း အောက်ပါစကားအချို့ပါရှိသည်။

"လမ်းနှစ်သွယ်ရှိသည်။ တစ်လမ်းမှာ သဘာဝအတွင်းက လမ်းဖြစ်သည်။ အခြားလမ်းတစ်လမ်းမှာ သဘာဝအပြင်ဘက်က လမ်းဖြစ်သည်။ ... လမ်းတစ်လမ်းမှာ ကျွန်ုပ်တို့နေထိုင်လျက်ရှိ သော ကမ္ဘာလောကအတွက် အသက်ရှင်ရန် ဖြစ်သည်။ အခြားလမ်းတစ်လမ်းမှာ ကျွန်ုပ်တို့ မျှော်မှန်းတောင့်တလျက်ရှိသော၊ ကျွန်ုပ်တို့ မည်သို့မျှ မသိရသော ကမ္ဘာလောကအတွက် အသက်ရှင်ရန်ဖြစ်သည်။ ...လမ်းတစ်လမ်းမှာ ဆင်ခြင်စဉ်းစားရန်ဖြစ်သည်။ စူးစမ်းရှာဖွေရန်ဖြစ်သည်။ မျက်စိဖွင့်ကြည့်ရန်ဖြစ်သည်။ အခြားလမ်းတစ်လမ်းမှာမူ ယုံကြည်ရန်ဖြစ်သည်။ နာယူရန်ဖြစ်သည်။ နောက်လိုက်ရန်ဖြစ်သည်။ ...လမ်းတစ်လမ်းမှာ စဉ်းစားတွေးခေါ်ခြင်းကို ရာဇပလ္လင်ပေါ်တင်ရန်ဖြစ်သည်။ တကယ်ဖြစ်ပျက်သော အဖြစ်အပျက်များကိုသာ ယုံကြည်ရန်ဖြစ်သည်။ အခြားလမ်းတစ်လမ်းမှာမူ မျက်ကန်းယုံကြည်မှု၏ ဦးခေါင်းပေါ် သရဖူဆောင်းပေးရန်ဖြစ်သည်။ ယုံကြည်ခြင်းဖြင့် အသက်ရှင်နေရန်ဖြစ်သည်။

"ကျွန်ုပ်သည် ငြိမ်းချမ်းသော ကမ္ဘာလောကတစ်ခုကို မြင်သည်။ ထိုကမ္ဘာလောက၌ လုပ်အားအတွက် ဆုလာဘ် သို့မဟုတ် လုပ်ခ အပြည့်အဝရရှိသည်။ ထိုကမ္ဘာလောက၌ အကျဉ်းထောင်မရှိပေ။ ထိုကမ္ဘာလောက၌ ဆင်းရဲသား ကျောာမွဲများအား အလုပ်ခိုင်းသည့် အိမ်များမရှိပေ။ ထိုကမ္ဘာလောက၌ အရူးထောင်မရှိပေ။ ထိုကမ္ဘာလောက၌ ကြိုးစင်တင်မသတ်ပေ။ ထိုကမ္ဘာလောက၌ ရိုးသားသော မိန်းမပျို သူဆင်းရဲသည် မကောင်းမှုနှင့် သေခြင်းနှစ်မျိုးအနက် မည်သည့်အရာကိုမျှ မရွေးရပေ။ ...ကျွန်ုပ်သည် ကမ္ဘာလောကတစ်ခုကို မြင်သည်။ ထိုကမ္ဘာလောက၌ ဖုန်းတောင်းယာစကာများ လက်

mgyoe.com

mgyoe.com

ဖြန့်မတောင်းခံပေ။ ထိုကမ္ဘာလောကဌ် ကပ်စေးနဲ့သူများသည် အကြင်နာမဲ့သော မျက်လုံးများဖြင့် မျက်စောင်းခဲ မကြည့်ပေ။ ထိုကမ္ဘာလောကဌ် ချို့တဲ့ခြင်း၏ ကြင်နာဖွယ် ညည်းညူသံမကြားရပေ။ ထိုကမ္ဘာလောကဌ် တရားခံ၏ ညှိုးခြောက်နေသော မျက်နှာကို မတွေ့ရပေ။ ထိုကမ္ဘာလောကဌ် မုသားပြောသော နှုတ်ခမ်းမရှိပေ။ ထိုကမ္ဘာလောကဌ် အကြင်နာမဲ့သော မျက်လုံးမရှိပေ"

❑

mgyoe.com

mgyoe.com

ခရီးသည် ဗုဒ္ဓစာပေပညာရှင်
အီဗန် ပါဗလော့ဗစ် မိနာယေ့ဖ် [၁၈၄၀-၁၈၉၀]

မြန်မာနိုင်ငံ၌ မြန်မာလူမျိုးတို့၏ နောက်ဆုံးဘုရင် သီပေါမင်းကို ဗြိတိသျှအစိုးရက ဖမ်းဆီးခေါ်ဆောင်သွားပြီး မြန်မာနိုင်ငံ၏ နေပြည်တော် မန္တလေးတွင် မြန်မာနိုင်ငံကို သိမ်းပိုက်သည့် အင်္ဂလိပ်လူမျိုးများ ခြေချပြီးခါစ အချိန်ကာလဖြစ်သည်။ ထိုအချိန်၌ ထူးထူးခြားခြား ရုရှားလူမျိုးတစ်ဦး မန္တလေးမြို့သို့ ရောက်ရှိလာသည်။ ထိုအချိန်က မျက်နှာဖြူများအပေါ်၌ ထားရှိသော မြန်မာလူမျိုးတို့၏ တင်းမာသော အမြင်သည် ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ်ပင် ရှိသေးသည်။ သီပေါမင်းပါတော်မူပြီး မြန်မာနိုင်ငံ အချုပ်အချာအာဏာ လက်လွတ်သွားပြီးခါစ ရှိသေး၍ မိမိတို့၏ အချုပ်အချာအာဏာကို လုယူသိမ်းပိုက်ထားသော အင်္ဂလိပ်လူမျိုးများအား ဆန့်ကျင်လိုသည့် မြန်မာလူမျိုးတို့သည် အင်္ဂလိပ်တို့နှင့် ရုပ်ချင်းဆင်သည့် မျက်နှာဖြူတိုင်းကို သံသယမျက်လုံးနှင့် ကြည့်နေချိန် ဖြစ်သည်။

ထိုအချိန်၌ မျက်နှာဖြူတစ်ဦးဖြစ်သော မိနာယေ့ဗ်ခေါ် ရုရှားလူမျိုးတစ်ဦး မန္တလေးသို့ ရောက်ရှိလာသောအခါ ပထမတွင် ထိုရုရှားလူမျိုး

mgyoe.com

mgyoe.com

အား မြန်မာလူမျိုးတို့က သံသယမျက်လုံးဖြင့် ကြည့်ကြသည်။ သို့သော် နောက်ပိုင်းတွင် ထိုမျက်နှာဖြူမှာ မျက်နှာဖြူအင်္ဂလိပ်တို့နှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်ပြီး မွန်မြတ်သောရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံသို့ရောက်ရှိလာသည့် မျက်နှာဖြူတစ်ဦးဖြစ်ကြောင်း သိရှိသွားကြသည်။

အမှန်ကား မျက်နှာဖြူနှစ်ဦးလုံးပင် မြန်မာနိုင်ငံ၏ ရတနာရွှေအိုးကို တပ်မက်သောကြောင့် မြန်မာနိုင်ငံသို့ရောက်လာကြခြင်းဖြစ်သည်။ အင်္ဂလိပ်မျက်နှာဖြူတို့သည် မြန်မာနိုင်ငံ၏ သယံဇာတ ကျောက်သံပတ္တမြား၊ ရတနာများကို လိုချင်တပ်မက်စိတ်ဖြင့် မြန်မာနိုင်ငံ ရောက်လာကြခြင်းဖြစ်သည်။ ရုရှားလူမျိုးမျက်နှာဖြူ မိနာယေ့ဗ်ကမူ မြန်မာနိုင်ငံ၏ ပညာရွှေအိုးကို ရယူလိုသည့် ရည်ရွယ်ချက်ဖြင့် ရောက်လာခြင်းဖြစ်သည်။ မြန်မာနိုင်ငံကို တပ်မက်သည့်အတွက် ရောက်ရှိလာကြသည့် မျက်နှာဖြူချင်းတူသော်လည်း နှစ်ဦး၏ ရည်ရွယ်ချက်မှာ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေသည်။

ရုရှားလူမျိုး မိနာယေ့ဗ်၏အမည်အပြည့်အစုံမှာ အိဗန်ပါဗလော့ဗစ် မိနာယေ့ဗ်[၁] ဖြစ်သည်။ မိနာယေ့ဗ်သည် ၁၈၈၆ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံသို့ ရောက်လာသည်။ သီပေါမင်းကို ဗြိတိသျှတို့ ဖမ်းဆီးခေါ်ဆောင်သွားသည်မှာ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ဖြစ်၍ မိနာယေ့ဗ် မြန်မာနိုင်ငံလာရောက်ချိန်၌ မြန်မာ့ထီးနန်းတွင် နယ်ချဲ့တို့ ခြေချသည်မှာ နှစ်လမျှသာရှိသေးသည်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ တစ်မြို့နှင့်တစ်မြို့ အခက်အခဲမရှိဘဲ လွယ်လင့်တကူ အလျင်အမြန် နေ့ချင်းညချင်း ခရီးသွားလာ၍ရသည့် ယခုလို ဂျက်လေယာဉ်ခေတ်၌ မိနာယေ့ဗ်၏ ခရီးသည် ဘာမျှမပြောပလောက်သည့် ခရီး ဖြစ်သော်လည်း လွန်ခဲ့သည့် နှစ်တစ်ရာခန့်ကမူ နေဗာမြစ်ကမ်းပေါ်က စိန့်ပီတာဗတ်မှ ဧရာဝတီမြစ်ကမ်းပေါ်က မန္တလေးသို့အထိ လာခဲ့သော မိနာယေ့ဗ်၏ တစ်ကိုယ်တော်ခရီးသည် ယခုခေတ် အာကာသခရီးထက်ပင် ခက်ခဲမှုရှိသည့် တကယ့်စွန့်စားခန်းကြီး ဖြစ်သည်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးသန်းသွားလာမှု အဆင်မပြေသည့် ထိုခေတ်က အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ အဖဂါနိစတန်၊ နီပေါ၊ အာရှ အလယ်ပိုင်းဒေသများသို့ မွန်မြတ်သော

၁။ Ivan Pavlovich Minayev

mgyoe.com

mgyoe.com

ရည်ရွယ်ချက်ဖြင့် လှည့်လည် သွားလာခဲ့သော မိနာယေ့ဗ်၏ ခရီးသည် မိနာယေ့ဗ်အား ရှေးခေတ် တကယ့် ခရီးသည်များ၏ စာရင်းဝင် တစ်ဦးအဖြစ် ဖန်တီးပေးလိုက်သည်။

မိနာယေ့ဗ်သည် ၁၈၄၀ ပြည့်နှစ်တွင် ရုရှားပြည် တမ္ဗော့ဗ်အမည်ရှိမြို့၌ အလယ်အလတ်တန်း အိမ်ထောင်စုတစ်ခုတွင် မွေးဖွားခဲ့သည်။ ငယ်ရွယ်စဉ် ကျောင်းသားဘဝကပင် ဂျာမန်ဘာသာ၊ ပြင်သစ်ဘာသာတို့ကို အတော်အတန်တီးမိခေါက်မိ ရှိလာခဲ့သည်။ အခြေခံပညာ သင်ကြားတတ်မြောက်ပြီးသောအခါ အထက်တန်းပညာကို သင်ကြားရန် စိန့်ပီတာဗတ် (အခုခေတ် လီနင်ဂရက်) တက္ကသိုလ်သို့ ရောက်သွားသည်။ ထိုတက္ကသိုလ်၌ နာမည်ကျော်ရုရှားလူမျိုး ဗုဒ္ဓဘာသာ စာပေပညာရှင် ပါမောက္ခဗာဆီလ်ယေ့ဗ် နှင့် တွေ့သောအခါ မိနာယေ့ဗ်၏ ငုံအာနေသော အသိပညာ ပဒုမ္မာကြာသည် ကားကားစွင့်စွင့် ပွင့်ခွင့်ရရှိသွားသည်။ ဗာဆီလ်ယေ့ဗ်သည် ဗုဒ္ဓစာပေပညာရှင်ဖြစ်သည်။ ဗုဒ္ဓစာပေပညာရှင်ဆရာ၏ ဩဇာလွှမ်းမိုးမှုခံရသောအခါ တပည့်ဖြစ်သူ မိနာယေ့ဗ်လည်း ဗုဒ္ဓစာပေကို အထုံဝါသနာပါလာသည်။ ဗုဒ္ဓဘာသာကို စိတ်ပါဝင်စားမှု ရှိလာသောအခါ ဗုဒ္ဓတရားဒေသနာ၏ ဘဏ္ဍာတိုက်ကို ဖွင့်ရန်အတွက်သော့နှင့်တူသော အရှေ့တိုင်း ရှေးဟောင်းဘာသာစာပေများဖြစ်သည့် သက္ကတ၊ ပါဠိ၊ ပြာကရိတ်ဘာသာတို့ကို မသင်ဘဲ မဖြစ်တော့ပေ။ မိနာယေ့ဗ်သည် ပါမောက္ခဗာဆီလ်ယေ့ဗ်၏ အထံ၌ ယင်းဘာသာစာပေများကို သင်ကြားဆည်းပူးသည်။

ထိုအချိန်မှစ၍ မိနာယေ့ဗ်သည် သူ၏ဘဝကို ဗုဒ္ဓစာပေ လေ့လာဆည်းပူးရေး၌ မြှုပ်နှံထားလိုက်သည်။ သို့သော် သူ့ဗုဒ္ဓစာပေ လေ့လာရေးသည် သူ့အရင်ရုရှားလူမျိုး ဗုဒ္ဓစာပေပညာရှိတို့၏ လမ်းမှခွဲထွက်ခဲ့သည်။ သူ့အရင် ရုရှားလူမျိုး ဗုဒ္ဓစာပေပညာရှင်များသည် တောင်ပိုင်းဗုဒ္ဓဘာသာစာပေကို တို့ရုံမျှလောက်သာတို့ပြီး မြောက်ပိုင်းဗုဒ္ဓဘာသာ စာပေကိုသာလျှင် အလေးအနက်ထား၍ လေ့လာဆည်းပူးကြသည်။ မိနာယေ့ဗ်ကား ထိုသို့ မဟုတ်ပေ။ သူ၏ ဗုဒ္ဓစာပေလေ့လာရေးသည် တောင်ပိုင်း ဗုဒ္ဓဘာသာစာပေဘက် ရှေးရှုသည်။ တောင်ပိုင်းဗုဒ္ဓဘာသာကို အက္ခရာတင်ထားသည့်

mgyoe.com

mgyoe.com

ပါဠိဘာသာ၊ သက္ကတဘာသာ၊ ပြာကရိတ်ဘာသာတို့ကို မိနာယေ့ဗ်သည် အလေးထား၍လေ့လာသင်ကြား ဆည်းပူးသည်။ ထို့ကြောင့် မိနာယေ့ဗ်အား ရုရှားပြည် ဗုဒ္ဓစာပေလေ့လာရေး၌ လမ်းသစ်အစပျိုးသူတစ်ဦးဖြစ်၏ဟု ဆိုလျှင် မှားမည်မဟုတ်ပေ။ စိန့်ပီတာဗတ်တက္ကသိုလ်၌ ပညာသင်ကြားပြီးသောအခါ မိနာယေ့ဗ်သည် ထိုတက္ကသိုလ် အရှေ့တိုင်းစာပေဌာနၡ၌ပင် သုတေသနအလုပ်ကို ဆက်လက်လုပ်နေသည်။

၁၈၆၂ ခုနှစ်တွင် အသက် ၂၂ နှစ်မျှသာ ရှိသေးသော မိနာယေ့ဗ်သည် အနောက်နိုင်ငံ ဗုဒ္ဓစာပေပညာရှင်များ၏ ဗုဒ္ဓစာပေလေ့လာတွေ့ ရှိချက်များကို သုတေသနပြုရန်အတွက် ဥရောပနိုင်ငံများသို့ ခရီးထွက်ခဲ့သည်။ ဂျာမနီရောက်သောအခါ မိနာယေ့ဗ်သည် ဂျာမန် ဗုဒ္ဓစာပေပညာရှင်များ ဖြစ်ကြသော ဝေဘာနှင့် ပင်ဖေတို့၏အထံ၌ သက္ကတစာပေနှင့် ပတ်သက်၍ ခက်ခဲနက်နဲသည့် အချက်အလက်များကို လေ့လာဆည်းပူးသည်။ ပါရီရောက်သွားသောအခါ ပါရီအမျိုးသားပြတိုက်၌ရှိသော အိန္ဒိယရှေးဟောင်းစာပေနှင့် ပါဠိစာပေလက်ရေးမူများကို လေ့လာဆည်းပူးသည်။ လန်ဒန်ဗြိတိသျှပြတိုက်၌လည်း သက္ကတစာပေ ရှေးဟောင်း လက်ရေးမူများကို သုတေသနပြုလုပ်သည်။ မိနာယေ့ဗ်သည် ဥရောပနိုင်ငံများ၌ ဗုဒ္ဓစာပေနှင့် ပတ်သက်၍ သုတေသနပြုလုပ်ရင်း ငါးနှစ်တိတိကြာသွားခဲ့သည်။

ဥရောပနိုင်ငံများ၌ ငါးနှစ်ကြာမျှ ဗုဒ္ဓစာပေနှင့် ပတ်သက်၍ သုတေသနပြုလုပ်ပြီး အတော်အတန် ကျေနပ်မှုရှိလာသောအခါ ၁၉၈၇ ခုနှစ် ၌ မိနာယေ့ဗ်သည် သူ့အမိနိုင်ငံ ရုရှားပြည်သို့ ပြန်လာသည်။ နောက် တစ်နှစ်၌ ဗုဒ္ဓကျမ်းစာ ပါတိမောက္ခ–သုတ္တ[၁] ကို ဘာသာပြန်ဆို ထုတ်ဝေသည်။ ဗုဒ္ဓစာပေ သုတေသန၏ အသီးအပွင့်အဖြစ် ပေါ်ပေါက်လာသော မိနာယေ့ဗ်၏ ယင်းကြိုးပမ်းချက်ကို ပညာရှင်များက ကြိုဆိုကြသည်။ နောက်တစ်နှစ်၌ပင် မိနာယေ့ဗ်အား စိန့်ပီတာဗတ်တက္ကသိုလ်၊ အရှေ့တိုင်းဘာသာ စာပေဌာန၏ ပါမောက္ခအဖြစ် ခန့်လိုက်လေသည်။

မိနာယေ့ဗ်သည် သမိုင်း၊ ဘာသာဗေဒ၊ အိန္ဒိယ ရိုးရာပုံပြင် စသော

၁။ Patimoksha Sutra

mgyoe.com

mgyoe.com

ဘာသာရပ်များကို လေ့လာမှုပြုသော်လည်း ဖောက်ချပြီး သုတေသနပြု လုပ်သော ဘာသာရပ်မှာ ဗုဒ္ဓစာပေသမိုင်းနှင့် ဗုဒ္ဓဒဿနဖြစ်သည်။ **ဗုဒ္ဓဓမ္မ၊ သုတေသနပြုချက်နှင့် အထောက်အထားများ**[၂] အမည်ရှိစာတမ်းသည် မိနာယေ့ဗ်၏ ဗုဒ္ဓစာပေနှင့် ပတ်သက်သော ကြိုးပမ်းအားထုတ်မှုတစ်ခု ဖြစ်သည်။ ထိုစာတမ်းမှာ သက္ကတဘာသာဖြင့်လည်းကောင်း၊ ပါဠိဘာသာဖြင့်လည်းကောင်း ရှိနေသည့် ဗုဒ္ဓဘာသာ အယူအဆများကို အခြေခံ၍ ရေးသားတင်ပြထားသည့် စာတမ်းဖြစ်သည်။ ထိုစာတမ်း၌ ဗုဒ္ဓစာပေ အဆင့်ဆင့် တိုးတက်လာပုံကို အကြမ်းဖျင်းဖော်ပြထားသည်။ ထိုစာတမ်းသည် ကမ္ဘာ၏ အရှေ့တိုင်း စာပေလေ့လာရေးဘဏ္ဍာတိုက်ထဲက အတောက်ပြောင်ဆုံး ရတနာတစ်လုံး ဖြစ်နေသည်။

မိနာယေ့ဗ်သည် ဘာသာဗေဒ နှိုင်းယှဉ်လေ့လာရေး၌လည်း ကြိုးပမ်းအားထုတ်မှု ပြုလုပ်ခဲ့သည်။ သူ ရေးသားပြုစုသော **ပါဠိသဒ္ဒါ**သည် ဥရောပနိုင်ငံများ၌ ဆယ်စုနှစ်ပေါင်းများစွာအထိ အားကိုးအားထား ကျမ်းစာတစ်ခုအဖြစ် သတ်မှတ်ခြင်း ခံခဲ့ရသည်။ ယင်းပါဠိသဒ္ဒါကို အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာများဖြင့်လည်း ဘာသာပြန်ဆိုထားကြသည်။ ပါဠိသဒ္ဒါရေးသားသကဲ့သို့ပင် မိနာယေ့ဗ်သည် သက္ကတသဒ္ဒါစာအုပ်တစ်အုပ်ကိုလည်း ရေးသားသည်။ ပထမအကြိမ် ၁၈၇၅ ခုနှစ်၌ အိန္ဒိယရောက်လာသောအခါ မိနာယေ့ဗ်သည် 'ကုမာအုံ' ၌ အတန်ကြာ နေထိုင်ခဲ့သည်။ ထိုအချိန်အတွင်း ကျေးလက်ပုံပြင် လေးဆယ့်ခုနစ်ပုဒ်နှင့် ရှေးဟောင်းပုံဝတ္ထုနှစ်ဆယ့်သုံးပုဒ်တို့ကို စုဆောင်းသွားခဲ့သည်။ ယင်းပုံဝတ္ထုများ၏ ရုရှားဘာသာပြန်ကို ၁၉၆၆ ခုနှစ်က နောက်ထပ်ပြန်လည်ထုတ်ဝေသည်။ နှစ်ပေါင်းတစ်ရာခန့်က မိနာယေ့ဗ် စုဆောင်းဘာသာပြန်ခဲ့သော ယင်းကျေးလက်ပုံဝတ္ထုများသည် ယခုခေတ်အထိ တန်ဖိုးရှိနေတုန်းပင်ဖြစ်သည်။

မိနာယေ့ဗ်သည် ရှေးဟောင်း ဘာသာစကားနှင့် စာပေကို မိမိ၏ ကုလားထိုင်ပေါ်၌သာ ထိုင်ပြီး လေ့လာရုံနှင့် အားမရပေ။ ထိုဘာသာစကားနှင့် စာပေတို့ ဖြစ်ပေါ်ပေါက်ဖွားရာဒေသများသို့ ကိုယ်တိုင်ကိုယ်ကျသွားပြီး

၂။ Buddhism, Study and Materials

mgyoe.com

mgyoe.com

အနီးကပ် လေ့လာလိုသည့် ဆန္ဒထက်သန်သူဖြစ်သည်။ ထို့ကြောင့် ၁၈၇၄ ခုနှစ်တွင် အာရှနိုင်ငံများသို့ ခရီးထွက်လာခဲ့သည်။ ပထမ သီရိလင်္ကာနိုင်ငံသို့ ရောက်သည်။ သီရိလင်္ကာနိုင်ငံ၌ ကိုလမ္ဗို၊ ကန္ဒီ၊ အနုရာဓပူရ အစရှိသော နေရာဌာနများသို့သွားပြီးလျှင် ဗုဒ္ဓဘာသာဆိုင်ရာ ယဉ်ကျေးမှု အဆောက်အအုံများကို ကြည့်ရှုလေ့လာသည်။ ထို့နောက် အိန္ဒိယသို့ ကူးသည်။ အိန္ဒိယတွင်လည်း ဗုဒ္ဓဘာသာယဉ်ကျေးမှုဆိုင်ရာ နေရာများသို့ လှည့်လည်ကြည့်ရှုသည်။ ထို့နောက် နီပေါသို့သွားသည်။ ၁၈၇၉ ခုနှစ်တွင် မိနာယေဖ်သည် အိန္ဒိယသို့ ဒုတိယအကြိမ်လာသည်။

၁၈၈၅ ခုနှစ်တွင် အာရှနိုင်ငံများသို့ တတိယအကြိမ် ခရီးထွက်ပြန်သည်။ ထိုအကြိမ်၌ အိန္ဒိယမှတစ်ဆင့် မြန်မာနိုင်ငံသို့ ရောက်လာသည်။ မြန်မာနိုင်ငံ၌ အထက်အညာတွင် မန္တလေးအထိ လည်းကောင်း၊ အောက်အကြေတွင် မော်လမြိုင်အထိလည်းကောင်း ရောက်အောင်သွားသည်။ ရောက်ရှိသည့် နေရာတိုင်းမှ ဗုဒ္ဓစာပေနှင့် ယဉ်ကျေးမှုရှေးဟောင်း လက်ရာ၊ ရှေးဟောင်းစာမူများကို စုဆောင်းသည်။ သူ စုဆောင်းသွားခဲ့သည့် ယဉ်ကျေးမှု ရှေးဟောင်းလက်ရာများနှင့် အမှတ်အသားများကို ဆိုဗီယက် သိပ္ပံအကယ်ဒမီ မနုဿဗေဒဘာသာရပ်ဆိုင်ရာပြတိုက်၌ ပြထားသည်။ သူ စုဆောင်းသွားခဲ့သော ပေပုရပိုက်များကိုလည်း လီနင်ဂရက် ပြည်သူ့စာကြည့်တိုက်၌ သိမ်းဆည်းထားသည်။

မြန်မာနိုင်ငံသို့ ရောက်လာချိန် မိနာယေဖ်သည် မြန်မာနိုင်ငံမှ၊ အထူးအားဖြင့် မန္တလေးမှ ဗုဒ္ဓကျမ်းစာ ရှေးဟောင်း ပေပုရပိုက်များကို ကူးတန်တာကူး၊ ဝယ်တန်တာဝယ်ပြီး စုဆောင်းသွားသည်။ ဗြိတိသျှစစ်တပ် မန္တလေးကို သိမ်းပိုက်ချိန်၌ ဗြိတိသျှစစ်သားများနှင့် အင်္ဂလိပ်များ၏ လုယူဖျက်စီးမှုကြောင့် အဖိုးတန် ရှေးဟောင်းဗုဒ္ဓကျမ်းစာ ပေ ပုရပိုက်များ အများအပြား ပျက်စီးဆုံးပါးသွားသည်။ ထိုကျမ်းစာများ၏ ကော်ပီတချို့သည် မိနာယေဖ်၏ ကျေးဇူးကြောင့် မပျောက်မပျက်ဘဲ ဆက်လက်တည်ရှိနေခဲ့သည်။

လွန်ခဲ့သည့် နှစ်တစ်ရာခန့်က လန်ဒန် ပါဠိကျမ်းစာအသင်း P.T.S အသင်းမှ ထုတ်ဝေသော P.T.S ဂျာနယ်၌ ပါမောက္ခ မိနာယေဖ့်

mgyoe.com

mgyoe.com

တည်းဖြတ်ထားသော ဗုဒ္ဓကျမ်းစာ အတော်များများကို ထည့်သွင်းပုံနှိပ်ထားသည်ကို တွေ့ရသည်။ ၁၈၈၆ ခုနှစ်၌ ထုတ်ဝေသော P.T.S ဂျာနယ်၌ မိနာယေ့ဗ် တည်းဖြတ်ထားသော **အနာဂတဝံသကျမ်းနှင့် ဂန္ထဝံသကျမ်း** များကို ထည့်သွင်းထားသည်။ အနာဂတဝံသနှင့်ပတ်သက်၍ မိနာယေ့ဗ်သည် ယင်းစာမူမှာ ၁၈၈၆ ခုနှစ်၌ မန္တလေးမြို့ မိုင်းခိုင်းမြို့စား အတွင်းဝန်၏ စာမူမှလည်းကောင်း၊ ရန်ကုန်မြို့ မောင်ဖိုးမျှင်၏ စာကြည့်တိုက်မှလည်းကောင်း မြန်မာအက္ခရာနှင့် ရေးထားသည့်စာမူကို ကူးယူခဲ့သည့် စာမူဖြစ်ကြောင်း ဝန်ခံထားသည်။ ၁၈၈၇ ခုနှစ် ထုတ်ဝေသော P.T.S ဂျာနယ်၌ကား မိနာယေ့ဗ်သည် **သီမာဝိဝါဒ ဝိနိစ္ဆယ ကထာ** ကျမ်းကို တည်းဖြတ်ထည့်သွင်းထားသည်။ ယင်းကျမ်းကိုမူ သီရိလင်္ကာ (သီဟိုဠ်)နိုင်ငံမှ ရယူလာခဲ့သည်ဟူ၍ ဝန်ခံထားသည်။

မိနာယေ့ဗ်သည် သူ၏ အာရှနိုင်ငံများခရီးနှင့် ပတ်သက်၍ ခရီးစဉ်ဒိုင်ယာရီကို ရေးသားသွားခဲ့သည်။ သူ၏ ပထမအကြိမ် အာရှခရီးစဉ်မှတ်တမ်းကို သူမကွယ်လွန်မီကပင် စိန့်ပီတာဗတ်မှ ထုတ်ဝေခဲ့သည်။ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ခရီးစဉ်မှတ်တမ်းကိုမူ ဗာရန္နိကော့ဖ်နှင့် အခြားဆိုဗီယက်ပညာရှင်များ စုပေါင်းတည်းဖြတ်ပြီး ထုတ်ဝေထားသည်။ ယင်း ခရီးသွားမှတ်တမ်းကိုမူ အိန္ဒိယ၌ အင်္ဂလိပ်ဘာသာဖြင့် ဘာသာပြန်ဆိုထားသည်။

သူ၏စာအုပ်များ၌ မိနာယေ့ဗ်သည် သူရောက်ရှိသွားသော နိုင်ငံများတွင် သူတွေ့ကြုံသိရှိရသည့် ဗြိတိသျှနယ်ချဲ့တို့ ဖိနှိပ်ချုပ်ချယ်ပုံများကို ထည့်သွင်းရေးသားထားသည်။ ထိုအချိန်က များသောအားဖြင့် အရှေ့တိုင်းစာပေနှင့် ဘာသာစကားကို လေ့လာလိုက်စားကြသည့် ဥရောပ ပညာရှင်များမှာ ဗြိတိသျှအစိုးရ၏ ကိုလိုနီဝါဒကို ထောက်ခံအားပေးကြသူများသာ များသည်။ ထိုအခြေအနေမျိုး၌ ဗြိတိသျှအစိုးရ၏ ကိုလိုနီဝါဒကို ရဲရဲရင့်ရင့် ဝေဖန်ရှုတ်ချခြင်းမှာ မိနာယေ့ဗ်၏ထူးခြားချက်ပင် ဖြစ်သည်။ မိနာယေ့ဗ်သည် ကိုလိုနီနိုင်ငံများ၌ ဗြိတိသျှတို့၏ ပြည်သူလူထုအပေါ် ဖိနှိပ်ချုပ်ချယ်ပုံကို ရေးသားပြရုံသာမက ကိုလိုနီနယ်ချဲ့တို့အပေါ် အအုပ်ချုပ်ခံ

mgyoe.com

mgyoe.com

အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာလူမျိုးတို့၏ ဆန့်ကျင်ပုံကိုလည်း ဖော်ပြထားသည်။ ပြည်သူလူထုက ကိုလိုနီအစိုးရအား တန်ပြန်ဆန့်ကျင်ပုံကို လည်းကောင်း၊ ပူပူနွေးနွေးပေါ်ပေါက်နေပြီဖြစ်သော အမျိုးသားလှုပ်ရှားမှုများ၏ ကိုယ်စားလှယ်ခေါင်းဆောင်များနှင့် သူတွေ့ဆုံခဲ့ပုံကိုလည်းကောင်း မိနာယေ့ဗ်သည် သူ၏ဒိုင်ယာရီ၌ ဆွေးနွေးတင်ပြထားသည်။ မကြာမီအတွင်း ယင်းတန်ပြန်လှုပ်ရှားမှုများသည် ကြီးထွားအားကောင်းလာလိမ့် မည်ဟူ၍လည်း မိနာယေ့ဗ်က ဟောကိန်းထုတ်ထားလိုက်သေးသည်။

မိနာယေ့ဗ်သည် ဥရောပခရီးမှ ပြန်လာပြီး နောက်တစ်နှစ်မှစ၍ သူပညာသင်ကြားသည့် စိန့်ပီတာဗတ်တက္ကသိုလ် အရှေ့တိုင်းစာပေဌာန၌ ပါမောက္ခအဖြစ် ထမ်းဆောင်လာခဲ့သည်မှာ ၁၈၉၀ ပြည့် ကွယ်လွန်သည့် အချိန်အထိဖြစ်သည်။ သူ ကွယ်လွန်ချိန်၌ အသက်ငါးဆယ်လောက်သာ ရှိသေးသည်။ မိနာယေ့ဗ်သည် တစ်သက်လုံး အိမ်ထောင်မပြုဘဲ လူပျိုကြီး ဘဝဖြင့် နေသွားသည်။

မိနာယေ့ဗ် ပြုစုပျိုးထောင်ထားခဲ့သည့် ဗုဒ္ဓစာပေ သုတေသန အလုပ်ကို သူ၏တပည့်ကြီးများဖြစ်သည့် အိုလဒင်ဗတ်နှင့် ရှဲရ်ဗတ်စကီးတို့က ဆက်၍ ကြီးထွားလာအောင် ကြိုးပမ်းအားထုတ်ကြသည်။ မိနာယေ့ဗ်သည် ဗုဒ္ဓစာပေနှင့် ပတ်သက်ပြီး စာတမ်း တစ်ရာ့သုံးဆယ်ကျော်လောက် ရေးသားပြုစုသွားခဲ့သည်။ သူ ကွယ်လွန်သွားပြီးသည့်နောက်၌ သူ၏ တပည့်ကြီး အိုလဒင်ဗတ်က ယင်းစာတမ်းအချို့ကို ဗုဒ္ဓဘာသာနှင့် ပတ်သက်သော အချက်အလက်များနှင့် မှတ်စုများ[၁] အမည်ဖြင့် ပုံနှိပ်ထုတ်ဝေထားလေသည်။

❑

၁။ Materials and Notes on Buddhism

mgyoe.com

mgyoe.com



ပညာရှင် ဇနီးမောင်နှံ
သောမတ် ဝီလျံ ရစ်ဒေးဗစ် [၁၈၄၃-၁၉၂၂]
မစ္စက် စီ၊အေ၊အက်ဖ် ရစ်ဒေးဗစ် [၁၈၅၈-၁၉၄၂]

ဥရောပ၌ စစ်မှန်တိကျသော ဗုဒ္ဓတရား ပြန့်ပွားသွားသည်မှာ လန်ဒန် **ပါဠိကျမ်းစာအသင်း** P.T.S တည်ထောင်ပြီးသည့်ကာလနောက်ပိုင်းမှ စတင်သည်ဟု ဆိုကြသည်။ ထိုအချိန်ကာလမတိုင်မီက ပါဠိဘာသာကို တတ်ကျွမ်းသူ နည်းသေးသည်ဖြစ်၍ အနောက်နိုင်ငံသူ နိုင်ငံသားတို့သည် ဗုဒ္ဓတရားကို စမ်းတဝါးဝါးမျှသာ သိရှိနားလည်ခဲ့ကြသည်။ ဗုဒ္ဓ၏ စစ်မှန်တိကျသော မူလတရားမှာ ပါဠိဘာသာ၌သာ တည်ရှိနေသည်ဖြစ်၍ ပါဠိဘာသာကို မတတ်မြောက်ဘဲနှင့်၊ ပါဠိ၏အကူအညီမပါဘဲနှင့် ဗုဒ္ဓတရားတော်ကို သိရှိနားလည်ဖို့ရန် မလွယ်ကူပေ။ ထို့ကြောင့် ပါဠိဘာသာနှင့် စိမ်းနေသေးသည့် ခေတ်ကာလက ဥရောပ၌ ဗုဒ္ဓဘာသာအလင်းရောင်သည် အလွန်တရာ မှေးမှိန်အားပျော့နေသည်။

လန်ဒန် ပါဠိကျမ်းစာအသင်းသည် ဥရောပ ဗုဒ္ဓဘာသာသမိုင်းတွင် ကဏ္ဍသစ်တစ်ရပ် ဖွင့်ပေးလိုက်လေသည်။ လန်ဒန် ပါဠိကျမ်းစာ အသင်း

mgyoe.com

mgyoe.com

တည်ထောင်ပြီးသည့်နောက်ပိုင်း၌ ဥရောပတွင် ပါဠိစာပေပညာရှင်များ တစ်ယောက်ပြီးတစ်ယောက် ပေါ်ပေါက်လာကြသည်။ ပါဠိကျမ်းစာများ၏ ဘာသာပြန်များနှင့် ဗုဒ္ဓစာပေဆိုင်ရာကျမ်းများ အမြောက်အမြား ပေါ်ထွက်လာကြသည်။ ဗုဒ္ဓဘာသာ အရောင်အဝါသည်လည်း ဥရောပ၌ တောက်ပြောင်လာသည်။

ယင်းကဲ့သို့ ဥရောပ၌ စစ်မှန်တိကျသော ဗုဒ္ဓစာပေအုတ်မြစ်ကို ချပေးသော ပါဠိကျမ်းစာအသင်းကို စတင်တည်ထောင်သူကား ဥရောပတိုက်သားထဲမှ ပါဠိစာပေ၊ ဗုဒ္ဓစာပေနှင့်ပတ်သက်၍ ထင်ပေါ်ကျော်ကြား ဆုံးတစ်ဦးဖြစ်သူ **သောမတ် ဝီလျံ ရစ်ဒေးဗစ်**[၁] ဖြစ်သည်။ ရစ်ဒေးဗစ်ကို ၁၈၄၃ ခုနှစ်၊ မေလ ၁၂ ရက်နေ့၌ ကိုလ်ချက်စတာ၌ ဖွားမြင်သည်။ သူ၏ဖခင်မှာ နာမည်ကျော် ခရစ်ယာန်ဘုန်းကြီး ရယ်ဗရင့်တီ ဒဗလျူဒေးဗစ်ဖြစ်သည်။ ဗရိုက်တန်၌ အထက်တန်းကျောင်း တက်ပြီးသောအခါ ဂျာမနီဘရက်စလော တက္ကသိုလ်၌ ပညာသင်ကြားသည်။ ထိုတက္ကသိုလ်၌ ပါမောက္ခ စတင်ဇလာထံတွင် သက္ကတဘာသာ လေ့လာအား ထုတ်ပြီး ပီ–အိတ်ချ်–ဒီ ဘွဲ့ရရှိသည်။ ၁၈၆၄ ခုနှစ်၌ သီဟိုဠ် (သီရိလင်္ကာနိုင်ငံ) ၌ ဗြိတိသျှအစိုးရ နိုင်ငံ၀န်ထမ်းအဖြစ် အမှုထမ်းသည်။

သီရိလင်္ကာ၌ တရားသူကြီးအဖြစ် အမှုထမ်းနေစဉ် ရစ်ဒေးဗစ်အား ပါဠိဘာသာကို စိတ်ပါဝင်စားလာအောင် ဖန်တီးပေးသည့် အခွင့်အလမ်းတစ်ခု ပေါ်ပေါက်လာသည်။ ကျေးရွာ ဗုဒ္ဓဘာသာကျောင်းတစ်ကျောင်းနှင့် ပတ်သက်သောအမှုတစ်ခု ရစ်ဒေးဗစ်ထံ ရောက်ရှိလာသည်။ ထိုအမှုတွင် သက်သေခံအဖြစ်ဖြင့် တင်ပြသော မှတ်တမ်းတစ်ခုမှာ တရားရုံး၌ ရှိနေသူ မည်သူတစ်ဦးတစ်ယောက်မျှ နားမလည်သည့် ဘာသာစကား တစ်ခုဖြင့် ရေးသားထားသည့် မှတ်တမ်းဖြစ်နေသည်။ ထိုဘာသာစကားမှာ ပါဠိဖြစ်သည်။ ထိုသက်သေခံမှတ်တမ်း၌ ဝိနည်းပိဋကတ်ထဲမှ အချက်အလက်အချို့ကို ကိုးကားဖော်ပြထားသည်။ ယင်း သက်သေခံမှတ်တမ်းကို တွေ့မြင်သိရှိသည်နှင့် တစ်ပြိုင်နက် ရစ်ဒေးဗစ်သည် သူနားမလည်သော ဘာသာစကား

၁။ Thomas William Rhys Davids

mgyoe.com

mgyoe.com

တစ်ခုဖြစ်သည့် ပါဠိဘာသာကို လေ့လာရန် ဆုံးဖြတ်လိုက်သည်။ ပါဠိဘာသာ သင်ကြားဆည်းပူးရာ၌ ရစ်ဒေးဗစ်အား 'ယတရမူလေ ဥန္နဆေ' အမည်ရှိ သီဟိုဠ် ရဟန်းတော်တစ်ပါးက အကူအညီပေးသည်။ ထိုရဟန်းတော် အကြောင်းကို ရစ်ဒေးဗစ်သည် သူ၏ ဟစ်ဘတ် ဟောပြောချက်များ[၁] ၌ ဤသို့ စကားစပ်ထားသည်။ "ပထမဆုံးအကြိမ် သူ ကျွန်ုပ်ထံကြွလာ စဉ်က သေမင်း၏ လက်သည် သူ့အပေါ်တွင် ရောက်ရှိနေပြီ။ ကုစား၍မရ သော ပြင်းထန်သည့် ရောဂါဝေဒနာ ဖိစီးနှိပ်စက်ခြင်း ခံနေရသဖြင့် သချိုင်း သို့ ခြေတစ်ဖက်လှမ်းနေပြီ။ သူ၏ ပါဠိကျွမ်းကျင် ပိုင်နိုင်ပုံနှင့် ရောဂါဝေဒနာ ဖိစီးနှိပ်စက်ခြင်း ခံနေရပုံနှစ်ခုလုံးကို ကျွန်ုပ်ကြား သိထားသည်။ ထို့ကြောင့် ထိုအခြေအနေတွင် ကျွန်ုပ် သူ့ကို ကျေးဇူးတင်၍ မဆုံးဖြစ်ခဲ့ရသည်။ သူ၏ ချို့ငဲ့ဝင်နေသော မျက်လုံး၌ ထူးခြားသော အလင်း ရောင်ရှိနေသည်။ သူ ပိဋကတ်ကျမ်းစာများ ကျွမ်းကျင်နိုင်နင်းပုံကို ကျွန်ုပ် မြင်တွေ့ရသည်။ သူ ဟောကြားသော တရားတော်များကို နာကြားရသည့် အတွက်လည်း ကျွန်ုပ် ဝမ်းသာမဆုံးဖြစ်ရသည်။ ကျွန်ုပ် သူ့ကို အထူးပင် လေးစားကြည်ညိုမိသည်"

ရစ်ဒေးဗစ်သည် ၁၈၇၂ ခုနှစ်တွင် အထက်အရာရှိတစ်ဦးနှင့် သဘော ထားကွဲလွဲသဖြင့် သီဟိုဠ်နိုင်ငံဝန်ထမ်းရာထူးမှ နုတ်ထွက်ပြီးလျှင် အင်္ဂလန် ပြန်သွားသည်။ အင်္ဂလန်၌ ဥပဒေပညာ သင်ယူပြီးလျှင် ဝတ်လုံလိုက်သည်။ သို့ရာတွင် အောင်မြင်မှုမရရှိပေ။ ထိုအခါ ပါဠိကျမ်းစာများကို အင်္ဂလိပ် ဘာသာ ပြန်ဆိုသည့်အလုပ်ကို စတင်လုပ်ကိုင် ဆောင်ရွက်သည်။ **တော်ဝင် အာရှအသင်း ဂျာနယ်**[၂] တွင် ရေးသားသော သီဟိုဠ် ရှေးဟောင်း ကျောက် စာများနှင့် ပတ်သက်သည့် သူ၏ ဆောင်းပါးစာတမ်းများကြောင့် သူ၏ နာမည်သည် ပညာရှင်လောကတွင် ကျော်ကြားစပြုလာသည်။

ရစ်ဒေးဗစ်သည် သီဟိုဠ်၌ နေစဉ်အတွင်း သီဟိုဠ်တောထဲသွားစဉ် စွဲကပ်လာသော ငှက်ဖျားရောဂါခံနေရသည့်ကြားထဲက ဗုဒ္ဓဘာသာသမိုင်း နှင့် ပါဠိစာပေကို ပိုင်နိုင်စွာ တတ်မြောက်အောင် ကျယ်ကျယ်ပြန့်ပြန့် သင်ကြား

၁။ Hibbert Lectures

၁။ The Jounal of the Royal Asiatic Society

mgyoe.com